ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ စနေနေ့၊ (23-6-2007) (၅၃၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့၏အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ၊ လက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းခေတ္တညွှန်ကြားရေးမှူး ဦးတင်အေးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်ဖောက်လုပ်ခြင်း၊ ဥမင် အဝင်၊အထွက်နေရာတို့၌ မြေကြီး၊ ကျောက်သားတူးဖော်မှု ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု၊ တမံအောက်ခြေ မြေကြီး၊ကျောက်သား တူးဖော်မှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲**

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုန်တိုင်းငယ် အိန္ဒိယကမ်းခြေ ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်း မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို ကာကီနာဒါမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ဆောင်းပါးအညွှန်း

နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်။ တော၊ တောင် ပျက်စီးပါက မြေလည်းပျက်၊ ရေလည်း ပျက်စီးကာ ရာသီဥတုဖောက်ပြန်လာသဖြင့် သစ်တောများ မပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်။ အခြေခံသယံဇာတများတွင် သစ်တောသည် အဓိကအရေးပါသည့် သယံဇာတဖြစ်။

သောင်းညွှန့်သစ်၏ **"သစ်ပင်စိုက်မှ အရိပ်ရ မျှတရာသီ ရှိချေမည်"**

(ဆောင်းပါး) စာမျက်နှာ-၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃-၆-၂၀၀၇
(စနေနေ့)

မိုးရာသီသဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်

မြန်မာနိုင်ငံတွင် ဇွန်လနှင့် ဇူလိုင်လတို့သည် မိုးဦး မိုးကောင်းသော ကာလများဖြစ်ရာ နိုင်ငံမြောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်၊ ချောင်းများရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်လာနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ဇွန်လ တတိယပတ်အတွက် မိုးလေဝသ ခန့်မှန်းထုတ်ပြန်ရာတွင် မိုးရွာသွန်းမြဲထက် ပိုမိုရွာသွန်းနိုင်သဖြင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေများ တက်လာနိုင်ကြောင်း သိရသည်။ အဆိုပါ မြစ်ရေကြီးခြင်းကြောင့် မြစ်ကြီးနား၊ ဗန်းမော်နှင့် ကသာမြို့တို့တွင် လက်ရှိရေမှတ်ထက် ရှစ်ပေခန့်၊ မန္တလေး၊ စစ်ကိုင်းမြို့တို့တွင် ခြောက်ပေခန့်၊ ခန္တီး၊ ဟုမ္မလင်းမြို့တို့တွင် ကိုးပေခန့်၊ မော်လိုက်၊ ကလေးဝနှင့် မုံရွာမြို့တို့တွင် ခုနစ်ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်းသိရသည်။

ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် မြစ်ချောင်းကမ်းနားအနီးရှိ မြို့ရွာများမှ ပြည်သူများသည် မိမိတို့မြို့ရွာရှိ အခြေခံရေစစ်မျဉ်းအထက် မြစ်ရေတက်ရောက်မှု အမှတ်အသားများကို နေ့စဉ်ကြည့်ရှုပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

မြစ်ကမ်းဘေးရှိ မြစ်ရေတား တာပေါင်ရိုးတစ်လျှောက်စစ်ဆေးခြင်း၊ ရေကင်းများထားရှိခြင်း၊ လိုအပ်ပါက အသုံးပြုနိုင်ရန် သဲအိတ်၊ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ မြို့ရွာရပ်ကွက် ရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းတို့ကို မဖြစ်မနေ စီမံလုပ်ဆောင်ထားကြရမည်ဖြစ်သည်။

ထို့အပြင် မိုးကြီးရေလျှံမှုများကြောင့် ကုန်ပစ္စည်းသိုလှောင်ရုံများ အတွင်းသို့ ရေဝင်ရောက်မှုမရှိစေရေး၊ မိုးယိုရေစို ပျက်စီးမှုများမရှိစေရေး တို့အတွက်လည်း အဆောက်အအုံ၊ အမိုးအကာများကို ကြိုတင်ပြုပြင် ထိန်းသိမ်း လုပ်ဆောင်ထားကြရမည်ဖြစ်သည်။

ရေကြီးမှုအပါအဝင် သဘာဝဘေးအန္တရာယ်များသည် အချိန်အခါ မရွေး ဖြစ်ပေါ်လာနိုင်သည်ဖြစ်ရာ အစဉ်သတိပြုနေကြရမည် ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ဌာနဆိုင်ရာများ၊ မြို့ရွာအသီးသီးရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအားလုံးက လိုအပ်သည့်ကြိုတင် ပြင်ဆင်ကာကွယ်မှု လုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် ၅ ရပ်ကွက်၊ အေးရိပ်မွန် ၇ လမ်းနေ ဦးဖေအောင်-ဒေါ်ခင်ယုဆွေ မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ဣန္ဒက (တော်ကူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဒေသဖွံ့ဖြိုးရေးစစ်ဆေး၊ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတက်ရောက်

နေပြည်တော် ဇွန် ၂၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့်အတူ ဇွန် ၆ ရက် နံနက် ၁၀နာရီခွဲက တောင်ကြီး-အောင်ပန်း-ရှာင်လမ်းအတိုင်း ထွက်ခွာ၍ ရှာင်မြို့နယ် မြိုင်စံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဖွင့်လှစ်

ထို့နောက် တိုင်းမှူးသည် မြိုင်စံပြကျေးရွာ၌ ကျင်းပသော ရပ်ရွာ ပညာပဒေသာဌာနဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ရပ်ရွာ ပညာ ပဒေသာဌာနကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး မြိုင်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနအတွက် တိုင်းမှူးက ရုပ်မြင်သံကြားစက်နှင့် ဗွီစီဒီစက်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးက ရေဒီယို၊ ကက်ဆက်နှင့် မီးဖြတ်ဆက်တို့အား မြိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်သို့ လည်းကောင်း၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က အပ်ချုပ်စက်နှင့် စာအုပ်၊ ဂျာနယ်၊ သတင်းစာများ၊ စာအုပ်စာတမ်းများအား ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်စန်းသို့ လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရှာင်မြို့နယ် ညောင်အိုင်ကျေးရွာ အုပ်စု လက်ပံပင်ကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသူများအား ပေးအပ်ကြပြီး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

မွန်းတည့် ၁၂ နာရီတွင် တိုင်းမှူးသည် ရှာင်မြို့နယ် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ စုပေါင်းပျိုးဥယျာဉ်သို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟသ်ာတအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၂

ဟသ်ာတအသင်း၏(၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း အမှတ် (၁၈၄/၁၈၆)ရှိ အသင်းတိုက်တွင် ဇူလိုင် ၁ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဟသ်ာတမြို့တွင် (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၈ရက်တွင်ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် အသင်းမဝင်ရသေးသော ဟသ်ာတသူ၊ ဟသ်ာတသားများ ကြွရောက်ကြည်ညိုလှူဒါန်းကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်ရှိန် ဖုန်း-၅၂၇၃၆၁၊ ဦးသန်းဦး ဖုန်း-၂၅၃၁၁၀၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈၊ ဒေါ်ညွှန့်ညွှန့် ဖုန်း-၂၄၅၃၉၅ တို့သို့ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးသန်းထွန်း-ဒေါ်မြမြဝင်း၊ သမီး မမြရည်မွန်၊ မလဲ့ရည်မွန် တို့က အလှူငွေကျပ် တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သန်လျင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဘုရားကုန်းကျေးရွာ မဟာသဒ္ဓမ္မဇောတိကာရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၁၅ ရက်က ကျင်းပရာ ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ အသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီနှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်သီတာတို့က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် နေကြာသာယာကုန်းနေ ကွယ်လွန်သူ ဖခင်ဦးမောင်မောင်တင်အား ရည်စူး၍ ဦးသန်းဦး-ဒေါ်ခင်မာဝေ၊ သမီး မနွေးလဲ့ဖြူ၊ သား မောင်လှမျိုးဦး မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စမ်းချောင်းမြို့နယ် သမဝါယမအသင်းများ၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်နှင့် စာရင်းစစ်ကြေးငွေ ပေးအပ်ပွဲကို ဇွန်၁၉ ရက်က မြို့နယ်သမဦးစီးဌာနတွင်ပြုလုပ်ရာ စာရင်းစစ်ကြေးငွေ ၃၀၀၉၅၈ ကျပ်ကို အသင်းစုဒါရိုက်တာ ဦးခင်မောင်က ဦးစီးအရာရှိ ဒေါ်မြမြရွှေသို့ ပေးအပ်ပြီး ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် ၅၀၇၆၆ ကျပ်ကို သမဦးစီးအရာရှိ ဒေါ်မြမြရွှေက အခွန်ဦးစီးဌာန ဒု-ဦးစီးမှူး ဦးအောင်မျိုးဦးသို့ ပေးအပ်စဉ်။ (ဝ၄)

သစ်ပင်စိုက်မှ အရိပ်ရ မျှတရာသီ ရှိချေမည်

သောင်းညွှန့်သစ်

ဤကမ္ဘာမြေပေါ်တွင် ရုက္ခလောကသည် ကနဦး ပေါ်ပေါက်လာခဲ့ပြီး ဆင့်ကဲဖြစ်စဉ်များအရ သတ္တလောကသည် နောက်ဆက်တွဲ ပေါ်ပေါက်လာရသည်ဟုဆိုသည်။ အပင်(သစ်ပင်) ဟူသမျှသည် သက်ရှိသတ္တဝါအားလုံးအတွက် မရှိမဖြစ်လိုအပ်သော တည်မှီရာ လောကကြီးဖြစ်ပေသည်။ အပင်များသည် မည်သည့်သတ္တဝါမျှ မရှိသော်လည်း ရှင်သန်ရပ်တည်နိုင်ကြသည်။ ကမ္ဘာလောကရှိ သက်ရှိအားလုံးတို့က အပင်များမရှိလျှင် သက်ရှင်ရပ်တည်နိုင်ခြင်း မရှိတော့ကြောင်း "မိုက္ကရိုကော်ဇမ်"ခေါ် သုတေသနတစ်ခုက သက်သေပြလျက်ရှိပေသည်။

အရွယ်တူ ဖန်အုပ်ဆောင်းသုံးခုတွင် ပထမ ဖန်အုပ်ဆောင်းထဲ၌ အပင်တစ်ပင်ထည့်ထား၏။ ဒုတိယ ဖန်အုပ်ဆောင်းထဲ၌ ကြွက်ကလေးတစ်ကောင် ထည့်ထားသည်။ တတိယ ဖန်အုပ်ဆောင်းထဲတွင် အပင်နှင့်အတူ ကြွက်ကလေးတစ်ကောင်ကို ထည့်ထားသည်။ ရက်အနည်းငယ်ကြာထား၍ လေ့လာရာတွင် ပထမ ဖန်အုပ်ဆောင်းထဲမှ အပင်ကလေးသည် ရှင်သန်လျက်ရှိနေသည်။ ဒုတိယ ဖန်အုပ်ဆောင်းထဲမှ ကြွက်ကလေးသည် သေဆုံးနေသည်။ တတိယ ဖန်အုပ်ဆောင်းထဲမှ ကြွက်ကလေးနှင့် အပင်ကလေးသည် အတူတကွ ရှင်သန်လျက်ရှိသည်ကို တွေ့ရပေသည်။

အဖြေမှာ ဒုတိယ ဖန်အုပ်ဆောင်းထဲမှ ကြွက်ကလေးသည် အစာရေစာမရ၍ သေဆုံးရခြင်းဖြစ်သည်။ အပင်ကလေးကမူ မိမိဘာသာ အစာချက်ယူနိုင်စွမ်းရှိ၍ ရှင်သန်ရပ်တည်နေနိုင်သည်။ တတိယ ဖန်အုပ်ဆောင်းထဲမှ ကြွက်ကလေးသည် အတူရှိနေသော အပင်ကလေးမှ အစာနှင့်လေကို ရရှိခံစား၍ အသက်ရှင်နေနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် သက်ရှိသတ္တဝါတို့သည် အပင်များပေါ်တွင် လုံးဝမှီတည် ရှင်သန်ရပ်တည်နေရသည်ဟူသော ရှင်သန်ဖော်များအဖြစ် သက်သေပြချက် တစ်ခုဖြစ်ပေသည်။

ထို့ပြင် ယနေ့ ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေကြရသော သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများတွင် လေထုညစ်ညမ်းမှုသည် အများဆုံးဖြစ်သည်။ တောမီးများ လောင်ကျွမ်းခြင်း၊ ကျောက်မီးသွေး၊ ရေနံ၊ ထင်းနှင့်မီးသွေး အလွန်အကျွံသုံးစွဲကြခြင်း၊ ရွှေ့ပြောင်းတောင်ယာခုတ်မီးရှို့ခြင်းများ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးစွဲမှု၊ စက်မှုကုန်ထုတ်စက်ရုံများ၊ လျှပ်စစ်သုံးစွဲမှုများစသည့် လူတို့ပယောဂကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူမှုန်၊ ဒြပ်မှုန်မျိုးစုံတို့သည် လေထုထဲသို့ ပျံ့လွင့်နေရာယူလာကြရာမှ ကမ္ဘာ့လေထုကြီးသည် ပူနွေးညစ်ညမ်းလာရပေသည်။ လေထု၏ ပူနွေးမှုသည် ရာသီဥတုကိုပါ ပြောင်းလဲနိုင်ပေရာ မြန်မာနိုင်ငံတွင် လွန်ခဲ့သောတပေါင်း၊ တန်ခူး နွေရာသီက အပူဒဏ်များကို ဆိုးရွားစွာ ခံစားခဲ့ရသည်မှာ သာဓကဖြစ်သည်။

ကျယ်ပြန့်လှသော လေထုကြီး သန့်စင်ဖို့ဆိုသည်မှာလည်း မည်သို့တတ်နိုင်ပါအံ့နည်း။ အနီးစပ်ဆုံး သစ်ပင်သစ်တောများကသာ တတ်စွမ်းနိုင်မည်ဖြစ်သည်။ လူနှင့်သက်ရှိ သတ္တဝါအားလုံးတို့က လေထုထဲမှ အောက်စီဂျင်ကို ရှူသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို ပြန်ထုတ်၍ အသက်ရှင်ကြသည်။ သစ်ပင်တို့ကမူ သတ္တဝါတို့မလိုအပ်၍ ထုတ်ပစ်လိုက်သော လေထုထဲမှ ညစ်ညမ်းသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို အသုံးပြု ရှင်သန်ရပ်တည်ကြသည်။ သိပ္ပံပညာရှင်များ၏ စမ်းသပ်တွေ့ရှိချက်အရ သစ်ပင်များသည် အမြစ်မှ စုပ်ယူရရှိသောရေကို အရွက်များမှ ပင်ရည်ပျံ့ခြင်းနည်းဖြင့် လေထုထဲသို့ ရေခိုးရေငွေ့များ ထုတ်ပေးလေ့ရှိသည်။ ပတ်ဝန်းကျင် အပူချိန်များလာလျှင် အပင်များမှ ရေငွေ့ပျံ့နှုန်းပိုများလာလေဖြစ်သည်။ အပင်သည် မြေကြီးမှစုပ်ယူရရှိသော ရေပမာဏ၏ သုည ဒသမ ၁ ရာခိုင်နှုန်းမှ သုည ဒသမ ၃ ရာခိုင်နှုန်းသာ အပင်တို့၏ ရှင်သန်မှု၊ သီးမှု၊ ပွင့်မှုအတွက် သုံးစားကြသည်။ ကျန်သောရေအားလုံးကို ပတ်ဝန်းကျင်လေထုထဲသို့ ထုတ်လွှတ်ပေးလေ့ရှိခြင်းကြောင့် သစ်ပင်သစ်တောများထူထပ်ရာ ပတ်ဝန်းကျင်သည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေသည်။ သို့ကြောင့်လည်း "**ဥတုရာသီတောကိုမှီ၏**"ဟု ဆိုခဲ့ကြခြင်းဖြစ်ပေသည်။ ယုတ်စွအဆုံး ကမ္ဘာကြီးပူနွေးလာမှု၊ မှန်လုံအိမ်အာနိသင်ဖြစ်ပေါ်လာမှု၊ ကမ္ဘာ့ပတ်ဝန်းကျင် ယိုယွင်းလာမှုများကို လျော့ပါးစေနိုင်သည့် ကျေးဇူးရှင်၊ သဘာဝစွမ်းအားရှင် သစ်တောများ ရေရှည်ဖွံ့ဖြိုးစည်ပင်နေစေရန်မှာ အလွန်အရေးပါလှပါသည်။

သို့ရာတွင် ကမ္ဘာ့သစ်တောများ အခြေအနေကို လက်လှမ်းမီသမျှ လေ့လာရာတွင် ကမ္ဘာပေါ်တွင် အကြီးမားဆုံး သစ်တောကြီးဖြစ်သည့် ဘရာဇီးနိုင်ငံ အမေဇုံသစ်တောကြီးများတွင် သစ်ထုတ်လုပ်မှု၊ စက်မှုလက်မှုလုပ်ငန်းများ အဆမတန် တိုးချဲ့လာမှုတို့ကြောင့် နှစ်စဉ် သစ်တောဧရိယာ စတုရန်းမိုင်ပေါင်း ၅၅၀၀ ပျက်စီးနေသည်။ အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့တွင် မုတ်သုံသစ်တောများ လုံးဝပျောက်ကွယ်လုနီးပါးဖြစ်နေပေပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုံးဝမရှိတော့လောက်အောင် ပျက်စီးသွားပြီ။ ထိုင်းနိုင်ငံတွင် ၄၅ ရာခိုင်နှုန်း သစ်တောများ ပျက်သုဉ်းသွားပြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ အနောက်မြောက်ကမ်းခြေရှိ သစ်တောများ၏ ၆၅ ရာခိုင်နှုန်း ကုန်ဆုံးသွားပြီဖြစ်သည်။ ၁၉၇၇ မှ ၁၉၈၇ ကာလများအတွင်း အမေရိကန်ပြည်ထောင်စု၏ သစ်တောဟက်တာ ၁ ဒသမ ၆ သန်း ပျက်စီးခဲ့ကြသည်။ အာဖရိကနိုင်ငံများ၏ သစ်တောများတွင် ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပြုန်းတီးနေပြီဖြစ်ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသော မှတ်တမ်းများအရ နှစ်စဉ် သစ်တောပြုန်းတီးမှုသည် ၁၉၇၅ မှ ၁၉၈၉ အထိ ၁၄ နှစ်တာကာလအတွင်း နှစ်စဉ်ပျမ်းမျှဟက်တာ ၂၁၈၈၀၀ ရှိကြောင်း သိရသည်။ သို့ရာတွင် သစ်တောကောင်းဧရိယာ ၄၃ ဒသမ ၃၁ ရာခိုင်နှုန်း ဖုံးလွှမ်း ကျန်ရှိနေသေးပေသည်။ သစ်တောဦးစီးဌာန၏ "ထာဝစဉ်တည်တံ့စေသော သစ်တောအုပ်ချုပ်မှုစနစ်" Sustainable Forest Management (SFM) **ကျင့်သုံးမှုကြောင့် သစ်တောကောင်း ဧရိယာများကို ကောင်းစွာထိန်းသိမ်းထားနိုင်ခဲ့သည်။**

ထိုသို့ ကမ္ဘာနှင့်အဝန်း သစ်တောများ အဆမတန် ပြုန်းတီးလာမှုများကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက "ကမ္ဘာ့သစ်ပင်ပွဲတော်နေ့"ကို အသင်းဝင်နိုင်ငံတိုင်းက မိမိနိုင်ငံနှင့်သင့်လျော်သည့် ရာသီအလိုက် နေ့ရက်များ သတ်မှတ်ပြီး "သစ်ပင်ပွဲတော်နေ့" ကျင်းပစိုက်ပျိုးသွားကြရန် ဆော်သြခဲ့သည်။ မြန်မာနိုင်ငံတွင် ၁၉၅၄ ခုနှစ်မှစ၍ ဇွန်လ ၇ ရက်နေ့ကို သစ်ပင်ပွဲတော်နေ့အဖြစ် သတ်မှတ်ကာ သစ်ပင်မျိုးစုံ တစ်သိန်းကျော်၊ သစ်စေ့မျိုးစုံ သုံးသိန်းကျော်ကို လူထုလှုပ်ရှားမှုဖြင့် စတင်စိုက်ပျိုးခဲ့သည်။ ထို့နောက် သစ်ပင်ပွဲတော်နေ့ကို ၁၉၇၂ ခုနှစ်တွင် ဇွန်လ ၂၄ ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ကျင်းပလာခဲ့သည်။ ၁၉၇၇ခုနှစ်မှစ၍ မြန်မာနိုင်ငံအနေဖြင့် သစ်ပင်စိုက်ပျိုးရန် အသင့်တော်ဆုံးလဖြစ်သည့် "ဇူလိုင်လ"ကို "သစ်ပင်စိုက်ပျိုးရေးလ"အဖြစ် ခေါ်ဝေါ်သတ်မှတ်ကာ သစ်တောဦးစီးဌာနက ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးပြီး လူထုလှုပ်ရှားမှုဖြင့် နှစ်စဉ် ကျင်းပစိုက်ပျိုးခဲ့ပေသည်။

ယခုအခါ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် သစ်ပင်ပျိုးပွဲတော်၊ သစ်ပင်စိုက်ပွဲတော်စသည်ဖြင့် သစ်ပင်သစ်တောများ ထာဝစဉ် တိုးပွားဖွံ့ဖြိုး ရှင်သန်နေစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိနေပေသည်။ သစ်တောကိုမဆိုထားနှင့် သစ်ပင်ကြီးတစ်ပင် ဖြစ်ဖို့ဆိုသည်မှာ မလွယ်ကူပါ။ သစ်စေ့တစ်စေ့မှ အပင်တစ်ပင်ဖြစ်ရန် ခဲယဉ်းသည်။ အပင်ဖြစ်လာလျှင်လည်း ရှင်သန်ဖို့ မလွယ်ကူပေ။ ရှင်သန်ပြန်လျှင်လည်း ရေရှည်တည်တံ့ ကြီးထွားနေဖို့လည်း မသေချာလှပေ။ ထို့ကြောင့် ရှင်သန်ဖြစ်ထွန်းပြီး သစ်ပင်ကြီးတစ်ပင်၏ ဖြတ်သန်းလာရာ ကာလသည် အလွန်တန်ဖိုးကြီးလှပေသည်။

နှစ်များစွာက ဖြစ်ထွန်းရှင်သန်လာခဲ့သော သစ်တောကြီးများ ပျက်စီးပြုန်းတီးမှုတွင် အဓိကအားဖြင့် လူ၊ တိရစ္ဆာန်၊ သစ်ပင်ချုံနွယ်၊ သဘာဝဖြစ်စဉ်စသည့် အချက်လေးချက်ကြောင့်သာ ပြုန်းတီးရာ၌ လူကြောင့် ပျက်စီးရသည်က အများဆုံးဖြစ်သည်။ ထို့ကြောင့် မပျက်စီးစေရအောင် ထိန်းသိမ်းနိုင်သူမှာလည်း လူသာလျှင် ဖြစ်သည်။

သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိန့်ကြားချက်တွင် "**နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတမှာ မြေ၊ ရေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်ကြောင်း၊ တော၊ တောင်ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်စီးကာ ရာသီဥတု ဖောက်ပြန်လာသဖြင့် သစ်တောများ မပျက်စီးစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံသယံဇာတများတွင် သစ်တောသည် အဓိကအရေးပါသည့် သယံဇာတဖြစ်ကြောင်း**" လမ်းညွှန်မိန့်ကြားခဲ့ပေသည်။

အလျဉ်းသင့်၍ အကြံတစ်ခုပြုလိုပါသည်။ တရားရုံးများ၌ လက်ထပ်ကြသော မင်္ဂလာဇနီးမောင်နှံတို့အတွက် "**မင်္ဂလာသစ်ပင်**" အဖြစ် အနည်းဆုံး တစ်ဦးလျှင်သုံးပင် (သို့မဟုတ်)မောင်နှံတို့စိတ်ကြိုက် အပင်အရေအတွက် သတ်မှတ်ချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့က စီစဉ်ချထားပေးသောနေရာတွင် "**မင်္ဂလာသစ်ပင်**" စိုက်ပျိုးပါဟူသော စည်းကမ်းချက်တစ်ရပ် ချမှတ်သည့်စနစ်တစ်ခု ပြဋ္ဌာန်းကျင့်သုံးသင့်ပါသည်။ ထိုမင်္ဂလာသစ်ပင်များသည် ကောင်းစွာစောင့်ရှောက်ခြင်းကို ခံရမည်ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဆော်သြခဲ့ဖူးသော အောက်ပါသစ်တောဆောင်ပုဒ်များသည် ယနေ့တိုင် မရိုးနိုင်အောင် နှိုးဆော်လျက်ပင်ရှိနေပါသည်။ မြန်မာပြည်တစ်ဝန်း မင်္ဂလာသစ်ပင်များဖြင့် စိမ်းလန်းဝေဖြာသာယာလှပနိုင်ပါစေသတည်း-

တောတောင်စိမ်းစို-သာယာပို၏
တောတောင်ခြောက်ခန်း-လယ်ယာနွမ်း၏
ဥတုရာသီ တောကိုမှီ၏
တောတောင်စိမ်းမှ စမ်းရေရ၏
တောမဲ့မြေသား ရေတိုက်စား၏
တောတောင်တင့်တယ် စားကျက်ကြွယ်၏
သယံဇာတ တောမှရ၏
သစ်ပင်စိုက်မှ အရိပ်ရ မျှတရာသီ ရှိချေမည်
တောကိုမဖြုန်း ချင့်ချိန်သုံး၍
နှစ်ဆုံးရှည်ကြာ ထိန်းသိမ်းပါလော့။ ။

ယခုအခါ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် သစ်ပင်ပျိုးပွဲတော်၊ သစ်ပင်စိုက်ပွဲတော် စသည်ဖြင့် သစ်ပင်၊ သစ်တောများ ထာဝစဉ် တိုးပွားဖွံ့ဖြိုး ရှင်သန်နေစေရေးအတွက် အလေးထား ဆောင်ရွက်လျက် ရှိနေပေသည်။ သစ်တောကိုမဆိုထားနှင့် သစ်ပင်ကြီးတစ်ပင် ဖြစ်ဖို့ဆိုသည်မှာ မလွယ်ကူပါ။ သစ်စေ့တစ်စေ့မှ အပင်တစ်ပင်ဖြစ်ရန် ခဲယဉ်းသည်။ အပင်ဖြစ်လာလျှင်လည်း ရှင်သန်ဖို့ မလွယ်ကူပေ။ ရှင်သန်ပြန်လျှင်လည်း ရေရှည်တည်တံ့ ကြီးထွားနေဖို့လည်း မသေချာလှပေ။ ထို့ကြောင့် ရှင်သန်ဖြစ်ထွန်းပြီး သစ်ပင်ကြီးတစ်ပင်၏ ဖြတ်သန်းလာရာကာလသည် အလွန်တန်ဖိုးကြီးလှ ပေသည်။

စင်ကာပူနိုင်ငံ ကက်ပယ်လ် ဆိပ်ကမ်းကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက် ကိုရီးယားလယ်သမားများ ကန့်ကွက်

ဆိုးလ် ဇွန် ၂၂

အမေရိကန်နှင့် ရရှိခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို အပြီးသတ်အတည်မပြုမီ နောက်ဆုံးအဆင့် ပြန်လည်သုံးသပ်ရန်ရှိနေစဉ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဗုဒ္ဓဟူးနေ့က လယ်သမားထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနှင့် အမေရိကန် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်ကို ဧပြီလတွင် အပြီးသတ်ရေးဆွဲခဲ့ကြသည်။ ယင်းသဘောတူညီချက်သည် ၁၅နှစ်တာအတွင်း အမေရိကန်၏အကြီးကျယ်ဆုံးသော ကုန်သွယ်ရေးသဘောတူညီချက်ဖြစ်သည်။ သို့ရာတွင် ယင်းသဘောတူညီချက်အရ ကုန်သွယ်ရေးဈေးကွက်များ ဖွင့်ပေးရသည့်အခါ အလုပ်အကိုင်နေရာ ထောင်ပေါင်းများစွာ ဆုံးရှုံးလာနိုင်မှုအတွက် တောင်ကိုရီးယားလယ်သမားများက စိုးရိမ်ပူပန်လျက်ရှိသည်။ အမေရိကန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့်လည်း ကိုရီးယားလုပ်မော်တော်ကားများ ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်သည့်အခါ ကြီးမားသောပြင်ဆင်ချက်များ မရှိနိုင်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တောင်ကိုရီးယားနှင့် အမေရိကန် ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်နိုင်ရန် ကုန်သွယ်ရေးဆွေးနွေးရေးမှူးများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဇွန် ၂၁ရက်တွင် ဆိုးလ်မြို့သို့ ရောက်ရှိလာသည်။ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်တွင် လွတ်လပ်သော ကုန်သွယ်မှုလုပ်ငန်းအတွက် ကဏ္ဍခုနစ်ရပ်ပါရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ တောင်ကိုရီးယား–အမေရိကန် လွတ်လပ်သည့် ကုန်သွယ်ရေး ဆွေးနွေးပွဲအား ကန့်ကွက်ဆန္ဒပြနေကြသည့် လယ်သမားများကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရုရှားသမ္မတနှင့် မလေးရှားဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး စွမ်းအင်နှင့် အာကာသနည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

မော်စကို ဇွန် ၂၂

ရုရှားသမ္မတ ပူတင်နှင့် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီတို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမှုအတွက် ချီးမွမ်းပြောကြားလိုက်ပြီး စွမ်းအင်နှင့် အာကာသ နည်းပညာကဏ္ဍတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုကြကြောင်း သတင်းဌာနများက ဖော်ပြသည်။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် အောင်မြင်မှုရှိနေကြောင်း၊ ယခုနှစ်တွင် မိမိတို့အနေဖြင့် အကြိမ်(၄၀)မြောက် သံတမန်ဆက်ဆံရေးကို ထူထောင်သည့် အခမ်းအနား ပြုလုပ်ခဲ့ကြောင်း၊ မလေးရှား အာကာသယာဉ်မှူးသည် ရုရှား အာကာသယာဉ်ဖြင့် လိုက်ပါပြီး နိုင်ငံတကာ အာကာသစခန်းသို့ ပျံသန်းသွားလာတော့မည် ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဘာဒါဝီအား ပြောကြားသည်။

ရုရှားနှင့် မလေးရှားနိုင်ငံတို့သည် မကြာမီနှစ်များအတွင်း စီးပွားရေးအရ ဆက်ဆံမှုများတိုးပွားစေရန် ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ လွန်ခဲ့သည့်နှစ်အတွင်း ဒေါ်လာ ၁ ဒသမ ၁၃ ဘီလီယံရှိခဲ့ပြီး ၂၀၀၂ခုနှစ်ကထက် နှစ်ဆ သာလွန်ခဲ့ကြောင်း၊ အရှေ့တောင်အာရှနှင့် ရုရှားကုန်သွယ်မှု ပြုလုပ်ခဲ့ရာတွင် မလေးရှားနိုင်ငံသည် ပထမအဆင့်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊နှစ်နိုင်ငံအနေဖြင့်ဆက်သွယ်ရေးဌာန ပေါင်းစုံ၊ ပြန်ကြားရေး နည်းပညာ၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများအပြင် စစ်ဘက်ဆက်ဆံရေးကိုလည်း မြှင့်တင်ခဲ့ကြောင်း ပူတင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်နစ္စတန်တွင် သေဆုံး

ဘရပ်ဆယ် ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ချိုရာမြို့အနီး၌ တနင်္လာနေ့က ဒတ်ချ်တပ်ဖွဲ့ဝင်များက တာလီဘန်ပြောက်ကျားများကို တိုက်ခိုက်နေစဉ် ဒတ်ချ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဒတ်ချ်သတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ဒတ်ချ်တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်တောင်ပိုင်းဒေသရှိ ဥရုဇဂန်ပြည်နယ်တွင် လွန်ခဲ့သည့် ဩဂုတ်လမှ စတင်ဖြန့်ကြက်ခဲ့ပြီးချိန်နောက်ပိုင်း တတိယမြောက် ဒတ်ချ်တပ်ဖွဲ့ဝင် သေဆုံးမှုဖြစ်သည်။ ၎င်းတပ်ဖွဲ့ဝင်သည် အသက် ၄၄နှစ်ရှိပြီး အက်ဆင်လေကြောင်း တပ်မဟာမှဖြစ်သည်။ တာလီဘန်ပြောက်ကျားများနှင့် တိုက်ခိုက်နေစဉ် သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု ဒတ်ချ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တူရကီအရှေ့ပိုင်းတွင် တိုက်ခိုက်မှု နှစ်ခုဖြစ်ပွား

တန်ဆယ်လီ(တူရကီ) ဇွန် ၂၂

တူရကီနိုင်ငံ အရှေ့ပိုင်းတွင် သီးခြားတိုက်ခိုက်မှုနှစ်ခု ဖြစ်ပွားခဲ့သဖြင့် တူရကီတပ်ဖွဲ့ဝင်တစ်ဦးနှင့် စစ်သွေးကြွသုံးဦး သေဆုံးကြောင်း လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ တူရကီတပ်ဖွဲ့သည် ကာဒစ္စတန်အလုပ်သမားပါတီ(ပီကေကေ) ပြောက်ကျားများနှင့် ပင်လယ်နက်ဒေသအနီး ဂမ်မူရှိန်းပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

အာဇင်ကန်ပြည်နယ်တွင်လည်း သီးခြားတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ မော်ဝါဒီတိုက်ခိုက်ရေးသမားသုံးဦးနှင့် တူရကီတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့သည်။ စစ်ဘက်အဖွဲ့တစ်ဖွဲ့က ကင်းလှည့်နေစဉ် စစ်သွေးကြွ ၁၀ ဦး လိုက်ပါလာသည့် ထရပ်မော်တော်ယာဉ်ကို ရပ်ခိုင်းရာမှ တိုက်ခိုက်မှုဖြစ်ပွားပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်ရေးသမားသုံးဦး အဖမ်းခံရပြီး အခြားသူများထွက်ပြေး လွတ်မြောက်သွားသည်။ လက်ဝဲစစ်သွေးကြွအုပ်စုငယ်များသည် တူရကီနိုင်ငံ အရှေ့ပိုင်းဒေသတွင် တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိပြီး ရံဖန်ရံခါတွင် ပီကေကေနှင့် ပူးတွဲတိုက်ခိုက်မှုများ ပြုလုပ်နေကြသည်။ **အမ်အင်အေ၊ရိုက်တာ။**

မင်ဒါနာအိုတွင် အမေရိကန်တပ်ဖွဲ့တည်ရှိမှု မြို့တော်ဝန် ဝေဖန်

ဒါဗာအို(မင်ဒါနာအို) ဇွန် ၂၂

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ တည်ရှိမှုနှင့်ပတ်သက်၍ ဒေသဆိုင်ရာမြို့တော်ဝန်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ဝေဖန်လိုက်ကြောင်း ဖိလစ်ပိုင်စတားသတင်းစာက ရေးသားဖော်ပြထားသည်။

မင်ဒါနာအိုဒေသအချို့တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်နေသည့်အမေရိကန်တပ်ဖွဲ့ဝင်များကြောင့် တင်းမာမှုများဖြစ်ပေါ်ရကြောင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်သည့်အနေဖြင့်မင်ဒါနာအိုကျွန်းရှိ မြို့ကြီးနှစ်မြို့တွင်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရကြောင်း ဒါဗာအိုစီးတီးမြို့တော်ဝန် ရော့ဒရစ်ဒူတာက ပြောကြားသည်။

မင်ဒါနာအိုကျွန်းတွင် အမေရိကန်တပ်ဖွဲ့များ ရောက်ရှိနေမှုကို ဒေသဆိုင်ရာစစ်သွေးကြွများက မကျေမနပ်ဖြစ်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နယ်စပ် ဒုံးကျည်ဖြင့်ပစ်ခတ် စစ်သွေးကြွ ၃၂ ဦး သေဆုံး

မီရန်ရှန်(ပါကစ္စတန်) ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ပါကစ္စတန်တိုင်းရင်းသားများ နေထိုင်ရာဒေသတွင် ဇွန် ၁၉ ရက်က အမေရိကန်တပ်ဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၃၂ ဦးထက်မနည်း သေဆုံးကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။ မာမိုင်ရိုဂါရွာတွင် အခြေစိုက်ထားသည့် စစ်သွေးကြွများ၏ လေ့ကျင့်ရေးစခန်းကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။ ဝါဇီရစ္စတန်မြို့မြောက်ပိုင်း မီရန်ရှက်ချ်ဒေသ အနောက်ဘက်ကီလိုမီတာ ၆၀အကွာတွင် အဆိုပါပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အမ်အင်အေ၊ ရိုက်တာ။

ပင်လယ်ပြင်တွင်မုန်တိုင်းမိ ရေလုပ်သား ငါးဦးပျောက်ဆုံး

ကွာလာလမ်ပူ ဇွန် ၂၂

မလေးရှားနိုင်ငံ မြောက်ပိုင်း ကီဒါပြည်နယ် ဆန်ရိုင်ပီတာနီဒေသအနီး ပူလာဆာရာဒေသတွင် ငါးဖမ်းခဲ့ကြပြီးနောက် ကမ်းခြေသို့ ပြန်လာစဉ် မုန်တိုင်းမိကာ ရေလုပ်သား ငါးဦး ဇွန် ၁၉ ရက်က ပျောက်ဆုံးသွားကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူကပြောကြားသည်။ အဆိုပါရေလုပ်သားများသည် ဇွန် ၁၉ ရက် နံနက်က ပင်လယ်သို့ငါးဖမ်းထွက်လာခဲ့ကြပြီး ယင်းနေ့ နေ့လယ်တွင်ပြန်လည်ရောက်ရှိရမည်ဖြစ်သော်လည်း ပျောက်ဆုံးလျက်ရှိကြောင်း၊ ၎င်းတို့ကို ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူကပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

တရုတ်နိုင်ငံ ချုံကင်းမြို့၌ ယန်စီမြစ်ကို ဖြတ်ကျော်ကာ ပို့ဆောင်ပေးနေသည့် ကေဘယ်လ်တစ်စီးကို ဇွန် ၂၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အလည်အပတ်ရောက်ရှိလာသော အီရတ်သမ္မတ ဂျာလာလ်တာလာဘာနီအား တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်နှင့်အတူ ဇွန် ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှရေတပ်သားများ အီရန်တွင်အဖမ်းခံခဲ့ရမှု အမှားအယွင်းများရှိခဲ့ကြောင်း ဗြိတိန်ဝန်ခံ

လန်ဒန် ဇွန် ၂၂

ပြီးခဲ့သည့်မတ်လက ဗြိတိသျှရေတပ်သား ၁၅ဦးအား အီရန်နိုင်ငံက ဖမ်းဆီးခဲ့သည့်ကိစ္စတွင် မိမိတို့ဘက်မှ အမှားအယွင်းများရှိခဲ့ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီး ဒက်စ်ဘရောင်းက အင်္ဂါနေ့တွင် ဝန်ခံလိုက်သည်။

ဗြိတိသျှ ရေတပ်သားများသည် ပင်လယ်ကွေ့တွင် ကင်းလှည့်စစ်ဆေးမှုများ ပြုလုပ်နေချိန်အတွင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ရှင်းလင်း

အဖမ်းခံခဲ့ရသော ဗြိတိသျှရေတပ်သား ၁၅ဦးသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ်အတွင်း အမှားအယွင်းများ ပြုမူခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အောက်လွှတ်တော် ကာကွယ်ရေးကော်မတီထံ တင်သွင်းသည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းအစီရင်ခံစာမှာ ပါလီမန်သို့ တင်သွင်းသည့် အစီရင်ခံစာဖြစ်သော်လည်း အစီရင်ခံစာပါ အချက်အလက် အကျဉ်းချုပ်ကို ကာကွယ်ရေးဝန်ကြီး ဘရောင်းက သတင်းထောက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဗြိတိသျှရေတပ် တပ်ဖွဲ့ဝင် ၁၅ဦး အဖမ်းခံခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း၊ သို့ရာတွင် မည်သည့်တပ်ဖွဲ့ဝင်ကိုမျှ မိမိတို့အရေးယူမည်မဟုတ်ကြောင်း ဘရောင်းက ပြောကြားသည်။ ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့ဝင် မည်သူမဆို ငွေကြေးရရှိရန် ရည်ရွယ်ချက်ဖြင့် သတင်းဌာနများအားငင်းတို့၏ ကိုယ်တွေ့ဖြစ်ရပ်များကို ထုတ်ဖော်ပြောကြားခြင်းမပြုရန် မိမိတို့ ပိတ်ပင်လိုက်ကြောင်း ၎င်းကပြောကြားသည်။

ဗြိတိသျှရေတပ်သားနှင့် မရိန်းတပ်ဖွဲ့ဝင် ၁၅ဦးသည် မတ်လအတွင်း အီရန်နိုင်ငံတွင် ၁၃ရက်ကြာ ထိန်းသိမ်းခံခဲ့ရသည်။ ၎င်းတို့ကိုရေကြောင်းပိုင်နက် ကျူးလွန်မှုဖြင့် အီရန်အစိုးရက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်အနောက်တောင်ပိုင်း၌ မိုးသက်မုန်တိုင်းကျရောက် ၃၆ ဦး သေဆုံး

ချုံကင်း ဇွန် ၂၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဒေသအချို့တွင် မိုးသက်မုန်တိုင်း တိုက်ခတ်မှုများကြောင့် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၃၆ ဦးအထိရှိကြောင်း အရပ်ဘက်ရေးရာဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် လူ ၁၃ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ဒေသခံ ၂၈၂၀၀၀ ခန့်ကို ရေဘေး လွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ နေအိမ် အလုံးပေါင်း ၁၇၀၀၀ ပျက်စီးခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အရေးပေါ်ဝန်ကြီးအဖွဲ့အား ထောက်ခံမှု ရရှိရေးကြိုးပမ်း ပီအယ်လ်အိုပါလီမန် သမ္မတ မာမွတ်စ်အဘတ်စ်ခေါ်ယူ

ဂါဇာစီးတီး ဇွန် ၂၂

ပါလက်စတိုင်းသမ္မတ မာမွတ်စ်အဘတ်စ်သည် အသစ်ဖွဲ့စည်းထားသော အရေးပေါ်ဝန်ကြီးအဖွဲ့အား ထောက်ခံမှုရရှိရန် ကြိုးပမ်းချက်ဖြင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို)ပါလီမန်ကို ဗုဒ္ဓဟူးနေ့တွင် ခေါ်ယူလိုက်သည်။

လိုလား

ပီအယ်လ်အို၏ ဥပဒေပြုလွှတ်တော်ဖြစ်သော အဖွဲ့ဝင် ၁၂၈ဦးပါ ပါလက်စတိုင်း ဗဟိုကောင်စီကို ဟားမတ်စ်လွှမ်းမိုးသည့် ပါလက်စတိုင်းပါလီမန်၏ နေရာ၌အစားထိုးရန် အဘတ်စ်က လိုလားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က ဂါဇာကိုဟားမတ်စ်အဖွဲ့က သိမ်းပိုက်လိုက်ပြီးနောက် အစိုးရအဖွဲ့သစ်ကို အဘတ်စ်က ဖွဲ့စည်းခဲ့သည်။ အဘတ်စ်သည် ယင်းအစိုးရအဖွဲ့၏ အကြီးအကဲအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ အောက်ရှိ အဆိုပါကောင်စီ၏ ထောက်ခံမှုကိုရရှိရန် လိုလားသည်။ ယခင်ပါလီမန်ရှိ ဟားမားစ်ဥပဒေပြုအမတ် ဒါဇင်ပေါင်းများစွာကို အစ္စရေးနိုင်ငံက ဖမ်းဆီးခဲ့ချိန်မှစ၍ ပါလက်စတိုင်း ပါလီမန် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့တွင် ခင်းကျင်းရောင်းချနေသော အရုပ်နှင့်အသံ ပိုမိုကြည်လင် ပြတ်သားသည့် HD-DVD အခွေများကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းတွင် မိုးကြိုးပစ် သုံးဦးသေဆုံး

ဗန်ကောက် ဇွန် ၂၂

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက မိုးကြိုးပစ်မှုကြောင့် လူသုံးဦးထက်မနည်းသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရေဒီယိုက သတင်းထုတ်ပြန်သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် လေပြင်းမုန်တိုင်း မတိုက်ခတ်မီ ခွန်ကန်းပြည်နယ် ကရာနုယန်ခရိုင်ရှိ လယ်ကွင်း တစ်ကွင်း၌ အလုပ်လုပ်ကိုင်နေသော လယ်သမားများကို မိုးကြိုးပစ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရုရှား ဘိုးဘွားရိပ်သာတွင် မီးလောင်မှုဖြစ်ပွား

မော်စကို ဇွန် ၂၂

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ အိုမက်စ်မြို့တွင် ကြာသပတေးနေ့ နံနက်အစောပိုင်းက ဘိုးဘွားရိပ်သာ အဆောက်အအုံ မီးလောင်မှုဖြစ်ပွားသဖြင့် ၁၀ ဦးထက်မနည်း သေဆုံးကြောင်း အီတာတာ့စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။ မီးလောင်မှုကြောင့် ခုနစ်ဦးဒဏ်ရာရရှိပြီး ၁၇ဦး ပျောက်ဆုံးလျက်ရှိကြောင်း အရေးပေါ်လုပ်ငန်းများဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် ဘိုးဘွားရိပ်သာမှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး ယင်းအဆောက်အအုံ၏ အပေါ်ဆုံးထပ်မှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ ယင်းအထပ်တွင် ဘိုးဘွား ၃၀၀ နေထိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

၄၈ နာရီအတွင်း ကန်တပ်ဖွဲ့ဝင် ၁၄ဦး သေဆုံး အီရတ်တွင် သေဆုံးသောတပ်ဖွဲ့ဝင်ဦးရေ ၃၅၄၅ ဦးရှိ

ဘဂ္ဂဒက် ဇွန် ၂၂

လွန်ခဲ့သော ၄၈ နာရီအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးခဲ့ပြီး ယင်းတို့အနက်မှ ငါးဦးမှာ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၂၁ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့များ တာဝန်ထမ်းဆောင်နေစဉ် ၎င်းတို့၏ယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့သည်။ ထို့ပြင် အီရတ်နိုင်ငံသားလေးဦးလည်း သေဆုံးခဲ့ပြီး ယင်းတို့မှာ စကားပြန်တစ်ဦးနှင့် အီရတ်အရပ်သူ အရပ်သားသုံးဦးတို့ဖြစ်ကြောင်း သိရသည်။ ထိုအဖြစ်အပျက်မှာ အသေအပျောက်အများဆုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ခဲ့သည်။

အလားတူပင် နောက်ထပ်တစ်နေရာ၌ သောင်းကျန်းသူများသည် အမေရိကန်စစ်ယာဉ်ကို လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက် ဆိုင်ရာက ပြောကြားသည်။ သို့သော် ထိုအဖြစ်အပျက်မှာ မည်သည့်နေရာ၌ ဖြစ်ပွားသည်ကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

- သေဆုံး -

၂၀၀၃ခုနှစ် မတ်လကတည်းကဖြစ်ပွားသော အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၄၅ ဦး သေဆုံးသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး မီဒီယာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗြိတိသျှတပ်ဖွဲ့ဝင် အီရတ်တွင် သေဆုံး

ဘာဆာရာ ဇွန် ၂၂

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် အတည်ပြု ပြောကြားသည်။

သေဆုံးသူ ဗြိတိသျှတပ်ဖွဲ့ဝင်မှာ အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် စခန်းချထားသော အမှတ်(၄)ရိုင်ဖယ် တပ်ရင်းမှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဟောင်ကောင်တွင် ကျင်းပသည့် ကပွဲတစ်ခု၌ အနုပညာရှင်များ ဖျော်ဖြေနေသည်ကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

▲ **ရှေ့ဖုံးမှ**

ထို့နောက် ဝန်ကြီးသည် RCC ကွန်ကရစ်ဖျော်စပ်မည့် စက်များ တည်ဆောက်ရန် လျာထားနေရာ၊ ကျောက်ခွဲစက်များ ထားမည့် နေရာနှင့် ကျောက်မိုင်းတူးဖော်မည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် ရေလွှဲဥမင်(အဝင်)ပိုင်း တူးဖော်ခြင်း လုပ်ငန်းကို လည်းကောင်း၊ ရေလွှဲဥမင်(အထွက်)ပိုင်း တူးဖော်ပြီးစီးမှုကို လည်းကောင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်း ခေတ္တ ညွှန်ကြားရေးမှူး ဦးတင်အေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းချမ်းတို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ရေလွှဲဥမင်လိုဏ်သည် အချင်း ၃၃ ပေ၊ အလျား ၉၆၈ ပေဖြစ်ပြီး အမိုးခုံးပိုင်း အချင်း ၁၆ ပေကို ဖောက်လုပ်လျက်ရှိရာ ယခုအခါ ၇၆၈ ပေ ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် လျာထားနေရာ၊ ဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားသတ်မှတ်သည့်နေရာနှင့် ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ပေါင်းလောင်းမြစ်ကူးတံတားသည် သံကူကွန်ကရစ်တံတားဖြစ်၍ အလျား ပေ ၃၀၀၊ အကျယ် ၂၄ ပေဖြစ်ပြီး ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိ ပေါင်းလောင်း ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်ရှိ ပေါင်းလောင်းဆည် ရေဝင်ရောက်မှုကို ရေကူပေးနိုင်ရန်အပြင် စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၇၀ ရှိ စက်နှစ်လုံး စုစုပေါင်း မဂ္ဂါဝပ် ၁၄၀ စက်တပ်ဆင်၍ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၁၁ သန်းခန့် ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် ကြက်ခြေနီကော်မတီနှင့် ၁၀ မြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇွန် ၂၂

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီနှင့် ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီတို့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၁၃ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေ၊ ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်သိန်းဟန်၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာ တိုးတိုးအောင်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေအေး၊ သထုံခရိုင် ရဲတပ်ဖွဲ့ ရဲမှူး သိန်းသန်း၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင် ဦးကျော်မြင့်၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် ၁၀ မြို့နယ်မှ မြို့နယ် ဆရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူးနှင့် ပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ပြည်နယ် ရဲတပ်ဖွဲ့မှူးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီးများနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးများက မိမိတို့မြို့နယ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူးနှင့် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ် ရဲတပ်ဖွဲ့မှူးတို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်နယ်ရှိ မြို့နယ် ၁၀မြို့နယ်အတွက် ဆေးပစ္စည်းများနှင့် ဝတ်စုံများကို ပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ပြည်နယ် ရဲတပ်ဖွဲ့မှူးက ထောက်ပံ့ပေးအပ်ရာ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်က လက်ခံကြောင်း သိရှိရသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက် ဝါဆိုဦး တရားပွဲ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဝါဆိုဦးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒက ဇွန် ၂၅ ရက်မှ ၂၇ရက်အထိ သုံးရက်တိုင်တိုင် ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရှိရသည်။ (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မည် သီးနှံစိုက်စွမ်းအားတိုးတက်ရန် စိုက်ကေတိုးချဲ့ရေးနှင့် တစ်ကေအထွက်နှုန်းတိုးရေး ဆောင်ရွက်နေ

နေပြည်တော် ဇွန် ၂၂

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သုတေသန ပညာရှင်များ၊ စိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ပြည်နယ်နှင့်တိုင်းများမှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန၊ တိုင်းမန်နေဂျာ၊ တိုင်းဦးစီးမှူးများ၊ ဌာနတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ထူထောင်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းရပ်များ တိုးတက်အောင် ဦးတည်ချက်များ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ရှိလာပြီး ပညာရေး၊ကျန်းမာရေး၊ လူမှုရေးတို့တွင် ထိုက်သင့်သော တိုးတက်မှုများ ရရှိနေကြောင်း၊ ရရှိနေသော တိုးတက်မှု အခြေအနေကောင်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးမှု ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့သည် အရေးပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ စီးပွားရေး ဦးတည်ချက်(၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးကို ပထမဦးတည်ချက်အဖြစ် ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရမည်ဟု ဦးတည်ရည်ရွယ် ဆောင်ရွက်နေကြောင်း၊ ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများသည် ပူးပေါင်းညှိနှိုင်း၍ ဦးတည်ချက်၊ ရည်မှန်းချက်ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအား မြင့်မားတိုးတက်ရန် စိုက်ကေတိုးချဲ့ရေးနှင့် တစ်ကေအထွက်နှုန်းတိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်စပါးနှင့် ပတ်သက်၍ နိုင်ငံ၌ ဖူလုံပိုလျှံမှုရှိနေကြောင်း၊ တစ်ဧကအထွက်နှုန်းတိုးရန် မျိုးပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့် ထိန်းသိမ်းပွားများမှုတို့ကို ဆောင်ရွက်နေကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ ဖူလုံမှုရှိအောင် ဆောင်ရွက်ရာတွင် စိုက်ကေတိုးချဲ့ရေး၊ အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ မြေပဲ၊နှမ်း၊နေကြာအပြင် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဆီအုန်းတို့ကို တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် စားဝတ်နေရေးကိုသာမက စွမ်းအင်ကဏ္ဍကိုပါ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုး၍ ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပေးနေသည့်ကဏ္ဍ ဖြစ်ကြောင်း၊ ကြက်ဆူစိုက်ခင်းများ တည်ထောင်၍ ကျေးလက်ဒေသသုံး ဇီဝဒီဇယ်ဆီများ ထုတ်လုပ်သုံးစွဲနိုင်သည်အထိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်ကိုင်း၊ မကွေး၊ ကချင်ပြည်နယ် စသည့် ဒေသများတွင် မြေလွတ်မြေလပ် မြေရိုင်းများတွင် မြေယာလုပ်ကိုင်ခွင့်ရယူပြီး စိုက်ခင်းကြီးများ စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆီအုန်း၊ရော်ဘာတို့ စိုက်ပျိုးလိုသူများရှိလာ၍ မြေယာများ ချထားပေးလျက်ရှိကြောင်း၊ ယခု အစည်းအဝေးတွင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ပြည်သူလူထု ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးပြီး ဒေသအလိုက် ဖူလုံမှု မရှိသေးသည့် ပြည်နယ်၊တိုင်းများတွင် ဖူလုံပိုလျှံလာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ကုန်းမြင့်လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ရေး၊ အထွက်ကောင်း ယာစပါးများ ပြောင်းလဲစိုက်ပျိုးရေး၊ စားသုံးမှုကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရေး၊ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေး၊ စိစစ်သုံးစွဲရေး၊ ခြိုးခြံချွေတာရေး၊ စီးပွားရေး တွက်ခြေကိုက်အောင် ဆောင်ရွက်ရေး၊ စက်စွမ်းအား အသုံးပြု၍ လူ၊ လုပ်အား၊ အချိန်ကုန်သက်သာအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှူငွေလက်ခံ

နှစ်ဖက်မိဘများနှင့် ဒေါ်ဒေါ်ထိုက်တို့အား ရည်စူး၍ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းနေ ဦးတင်ဆောင်-ဒေါ်တင်တင်မြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ်ဆေးရုံသစ်ကြီး အတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

သတိပေးနှိုးဆော်ချက်

နေပြည်တော် လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများ သည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နိုင်ငံတော်၏ဦးတည်ချက်များပြည့်မီအောင်မြင်စေရေး လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန်လိုအပ်

နေပြည်တော် ဇွန် ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့နှင့် နောက်ဆုံးနေ့အစီအစဉ်များကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ပြည်နယ်/တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနခွဲအလိုက် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လျာထားချက် ပြည့်မီကျော်လွန်ရုံမျှမကဘဲ ရသင့်ရထိုက်သည့် အခွန်များ ပြည့်ဝမှန်ကန်စွာ ရရှိရေးနှင့် ဝန်ထမ်းအားလုံး ရိုးဖြောင့်မှန်ကန်တာဝန်သိစွာဖြင့် တာဝန်ထမ်းဆောင်ကြရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ ပြည်နယ်/ တိုင်းအခွန်ဦးစီးမှူးများက အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လေ့လာတင်ပြခြင်း စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ပို့ကုန်/သွင်းကုန် လုပ်ငန်းများတွင် အခွန်စည်းကြပ်ကောက်ခံခြင်း၊ တရားမဝင် တင်သွင်း/တင်ပို့မှုများကို စိစစ်ကြပ်မတ်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ ကောက်ခံခြင်း လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ အကောက်ခွန်ဥပဒေ ပိုမိုထိရောက် ထက်မြက်စေရန် ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းအောင်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ e-Government လုပ်ငန်းဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဌာနအသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ယခုအစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ကြသော လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ကွာခြားနေရသည့် အကြောင်းအကျိုးများကို အခြေခံပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ချမှတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်း ဆောင်ရွက်မှုတိုင်းသည် လစ်ကွက်ဟာကွက်မရှိအောင် ထိရောက်ထက်မြက်စေရန် လိုအပ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဌာနတိုင်းသည် မိမိတာဝန် ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့် ပြောင်းလဲတိုးတက်လျက်ရှိသည့် အခြေအနေများကို မျက်ခြည်မပြတ် စူးစမ်းလေ့လာခြင်းနှင့် ဝန်ထမ်းများ၏ စိတ်ဓာတ်၊ ခံယူချက်၊ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန် သုတေသနနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားကြရန် အထူးအရေးကြီးကြောင်း၊ ဌာနခွဲတာဝန်ခံ၊ ဒေသတာဝန်ခံများ အနေဖြင့်လည်း ဌာနအလိုက်၊ ပြည်နယ်/တိုင်းအလိုက် မိမိလက်အောက် ဝန်ထမ်းများကို စွမ်းရည်ပြည့်စေရေးနှင့် စနစ်တကျ ရှိစေရေး အမြဲဂရုပြုကြပ်မတ်နေရန်နှင့် ဌာန၏ တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝ တာဝန်ထမ်းဆောင်ရေးတို့အတွက် တွန်းအားပေးနေရန် လိုအပ်ကြောင်း၊ စနစ်တကျ မှန်ကန်သော တာဝန်သိ လုပ်ဆောင်မှုများဖြင့် ပြည်သူလူထု လေးစားရသည့် ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်ရန် ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကတ္တရာခင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၂

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် စည်ပင်ရုံးအဝင်လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်မှုကို ဇွန် ၁၁ရက်တွင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးနေစိုးကျော်တို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ (က-ပ)

၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ယမန်နေ့ ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်များက အနိုင်ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲ

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲများကို ညနေ ၄နာရီတွင် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ယင်းပြိုင်ပွဲကို ဇွန် ၂၄ရက်အထိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

ရန်ကုန် ဇွန် ၂၂

ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဖြိုးစည်သူ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာ၊ ပေကုန်းကြီးကျေးရွာနှင့် အုပ်ပုံကျေးရွာတို့၏ အခြေခံပညာမူလတန်းကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၉ရက် နံနက် ၉နာရီ၌ ကျင်းရာ **(အပေါ်ပုံ)** အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၂၅ ၅။ ကျန်းမာသုတ
- ၁၂:၃၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "အချစ်သည် လေပြည်" (ဒွေး၊ အိန္ဒြာကျော်ဇင်)**
- ၁:၅၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၃၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၁၃)**
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေး တေးကဗျာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" အပိုင်း (၄၀) (ဇာတ်သိမ်းပိုင်း)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

✻ ကျောဖုံးမှ

အမှာစကားပြောကြားရာ၌ အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး (HAPUA)နှင့် ထိုအဖွဲ့၏ လုပ်ငန်းကော်မတီ အစည်းအဝေးများကို အာဆီယံအဖွဲ့အတွင်းရေးမှူးချုပ်ရုံး၏ ညှိနှိုင်းပေါင်းစပ်မှုဖြင့် နှစ်စဉ်စဉ်ဆက်မပြတ် ကျင်းပခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများ၏ အမည် အက္ခရာစဉ်အလိုက် နှစ်စဉ်အလှည့်ကျ ကျင်းပခဲ့ရာ ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့် ရရှိခဲ့သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင် အဖွဲ့အစည်း အကြီးအကဲများ၏ ဥက္ကဋ္ဌ မလေးရှားနိုင်ငံ Tenaga Nasional Berhad မှ President & CEO Mr. Che Khalib bin Mohamad Noh က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့သည် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းအကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII)ကို နေပြည်တော်ရှိ မြို့တော်ခန်းမ ပထမထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆောင်ရွက်၍ တွဲဖက်သဘာပတိအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံ National Power Corporation မှ Vice President, Mr. Oscar C. Lorico က ဆောင်ရွက်သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း လျှပ်စစ်ကဏ္ဍအတွက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ ရှစ်ခုတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြပြီး အာဆီယံဒေသတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်းအကြီးအကဲများ၏ အစည်းအဝေး မကျင်းပမီ လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးများကို ဇွန် ၂၀ ရက်နှင့် ၂၁ရက်တို့တွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြသည်။

(သတင်းစဉ်)

မိမိတို့ တာဝန်ယူနေသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက် လမ်းခင်းပစ္စည်းများ သုံးစွဲသည့်အခါ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လို

နေပြည်တော် ဇွန် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးပိတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများ၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပိတ်ပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် မိမိတို့ တာဝန်ယူနေသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးရာသီတွင် ပျက်စီးသွားသည့် လမ်း၊ တံတားများကို တိတိကျကျစစ်ဆေးပြီး ဖြစ်ရသည့် အကြောင်းများအား သုံးသပ်၍ နောက်နောင်တွင် ယင်းကဲ့သို့မဖြစ်စေရန်၊ ပွင့်လင်းရာသီရောက်သည့်အခါတွင် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တာဝန်ရှိသူ အင်ဂျင်နီယာမှူးကြီးများအနေဖြင့် တိတိကျကျ မှာကြားသွားရန်လိုကြောင်း၊ တာဝန်ကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်၊ မိမိတို့တတ်ထားသည့် ပညာ၊ အတွေ့အကြုံ၊ အသိတရားနှင့် ကြပ်မတ်သွားမည်ဆိုလျှင် လမ်းများ၊ တံတားများပျက်စီးမှုမှ ယခုထက်အများကြီး လျော့နည်းသွားမှာဖြစ်ကြောင်း၊ လမ်းခင်းပစ္စည်းများ သုံးစွဲကြသည့်အခါတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ လမ်းရော၊ တံတားပါဆောင်ရွက်ကြရာတွင် စက်ယန္တရားများကို စနစ်တကျ သုံးစွဲရန်၊ စက်သုံးဆီများကို အလေအလွင့်မရှိစေရန်၊ အထူးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခွင့်ပြုရန်ပုံငွေနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်ဆောက်ရေးပစ္စည်း၊ လမ်းခင်းပစ္စည်း၊ စက်သုံးဆီ စာရင်းထားပုံ၊ သုံးစွဲပုံတို့ကို အသေးစိတ်မှာကြားပြီးဖြစ်ကြောင်း။

တိုင်းနှင့်ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ စီမံကိန်းအင်ဂျင်နီယာများ၊ ခရိုင် အင်ဂျင်နီယာမှူးများကို မှာကြားလိုသည်မှာ မိမိလက်အောက် အင်ဂျင်နီယာဝန်ထမ်းများအား ယခုမှာကြားလိုက်သည့်များကို ထပ်ဆင့်ညွှန်ကြားသွားရန် လိုကြောင်း၊ အောက်ခြေအဆင့်ရှိ အင်ဂျင်နီယာဝန်ထမ်းများကလည်း တာဝန်ပိုင်းဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာတို့ကိုဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာချ စာသင် ဆရာတော်၊ သံဃာတော်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော် ငွေကျပ် နှစ်သိန်းငါးသောင်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း ပေးအပ်လှူဒါန်းစဉ်။

(မီးသတ်ဦးစီး)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၂

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ စာသင်သား သံဃာတော်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ အဆိုပါ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နာယကချုပ်ဆရာတော်အား ဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာချ၊ စာသင် ဆရာတော်၊ သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် နှစ်သိန်းငါးသောင်းကို ဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တာဝန်ရှိသူ တစ်ဦးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ပထမအကြိမ်မှ

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် အသင်းများအား အုပ်စုရှစ်စု ခွဲခြားကျင်းပသွားမည်ဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲများကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိလည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၇ရက်မှ ၂၉ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပထမနှင့် ဒုတိယရရှိသော ရှစ်သင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၆ ရက်၊ ၇ ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၀ ရက်တွင်လည်းကောင်း နေပြည်တော် အားကစားကွင်း၌ကျင်းပမည်ဖြစ်သည်။

ဇွန် ၂၅ ရက်တွင် နေပြည်တော် အားကစားကွင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ပွဲဦးထွက်ပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။ ။

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများ

(က)အုပ်စု

၁။ ပို့ဆောင်ရေး
၂။ စက်မှု(၁)
၃။ စက်မှု(၂)
၄။ သမဝါယမ

(ခ)အုပ်စု

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်း
၂။ လူဝင်မှုကြီးကြပ်ရေး
၃။ သိပ္ပံနှင့်နည်းပညာ
၄။ သစ်တောရေးရာ

(ဂ)အုပ်စု

၁။ ဆက်သွယ်ရေး
၂။ သတ္တုတွင်း
၃။ ဝန်ထမ်းရွေးချယ်ရေး
၄။ စီးပွား/ကူးသန်း

(ဃ)အုပ်စု

၁။ နိုင်ငံခြားရေး
၂။ ဘဏ္ဍာ/အခွန်
၃။ ပြည်ထဲရေး
၄။ နယ်စပ်/စည်ပင်

(င)အုပ်စု

၁။ သာသနာရေး
၂။ ဟိုတယ်/ခရီး
၃။ ကာကွယ်ရေး
၄။ ပြန်ကြားရေး
၅။ စွမ်းအင်

(စ)အုပ်စု

၁။ ကျန်းမာရေး
၂။ အားကစား
၃။ ရှေ့နေချုပ်ရုံး
၄။ လူမှုဝန်ထမ်း
၅။ လျှပ်စစ်(၁)

(ဆ)အုပ်စု

၁။ ယဉ်ကျေးမှု
၂။ စီမံ/စီးပွား
၃။ တရားရုံးချုပ်
၄။ ပညာရေး

(ဇ)အုပ်စု

၁။ ရထားပို့ဆောင်ရေး
၂။ လျှပ်စစ်(၂)
၃။ လယ်/ဆည်
၄။ အလုပ်သမား
၅။ ဆောက်လုပ်ရေး (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်
တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆-၆-၂၀၀၇

International Day Against
Drug Abuse and Illicit Trafficking
26-6-2007

မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား

Do drugs control
YOUR LIFE?

Your life. Your community.
No place for drugs.

မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenzhen Asia -Pacific New Era Consultants Co.,Ltd.မှ President Mr. An Xiaoyan နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (စက်မှု-၁)

ဝန်ကြီးဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီအဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shenzhen Asia Pacific New Era Consultants Co. Ltd မှ President Mr. An Xiaoyan နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၁၁နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်၌ တန် ၂၀၀ ကျ ဝါးပျော့ဖတ်စက်ရုံ တည်ဆောက်ရေးအတွက် ပဏာမညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံရာတွင် ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို စျေးပြိုင်စနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဇွန် ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းရှိ စက်ရုံသုံးရုံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးရှိ ဆန်စက် ငါးစက်နှင့် ဖွဲနှဆီစက်သုံးစက်တို့ကို စျေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

စျေးပြိုင်စနစ်

ထိုသို့ရောင်းချရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အလုံအချိုရည်နှင့် ရေခဲစက်ရုံ စက်ရုံခွဲ(၂) အမှတ် (၃၅/၃၇) ယမုနာလမ်း ဆိပ်ကမ်းမြို့နယ် ရန်ကုန်မြို့ကို (အဆောက်အအုံ၊ စက်နှင့် စက်ကိရိယာပစ္စည်းသာ) ကြမ်းခင်းစျေး ကျပ်သိန်း ၁၄ ဒသမ ၉၄၃၊ ၁၇နံ့အချိုရည်နှင့်ရေခဲစက်ရုံ စက်ရုံခွဲ(၄) အမှတ်(၅) ရွာမ ကျောင်းလမ်း (၁)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့၊ မြေဧရိယာ ၀ ဒသမ ၇၆၃ ဧကကို ကျပ်သိန်း ၉၇၀ ဒသမ ၅၃နှင့် မိစန္ဒာအချိုရည်နှင့်ရေခဲစက်ရုံ စက်ရုံခွဲ(၁) ရွှေတစ်ချောင်းလမ်း ရွာဘဲ ရပ်ကွက် ပြည်မြို့ မြေဧရိယာ ၁ ဒသမ ၄၅၂ ဧကကို ကျပ်သိန်း ၅၇၈ ဒသမ ၁၅၃ တို့ဖြစ်သည်ကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဲခူး(အရှေ့)ကျောက်တံခါးမြို့ရှိ အမှတ်(၇၃) တန် ၅၀ဆန်စက် မြေဧရိယာ ၈ ဒသမ ၄၆၁၄ ဧကကို ကြမ်းခင်းစျေး ကျပ်သိန်း ၁၀၃ ဒသမ ၂၈၉၊ ပဲခူး(အရှေ့)အုန်းနဲ ကဝမြို့ရှိ အမှတ်(၅၁၅) တန် ၁၀၀ ဆန်စက် မြေဧရိယာ ၂၇ ဒသမ ၈၀ ဧကကို ကျပ်သိန်း ၁၆၉ ဒသမ ၃၃၄၊ ရန်ကုန်တိုင်း ခနောင်တို ဒလမြို့ရှိ အမှတ် (၂၃၂) တန် ၅၀ ဆန်စက် မြေဧရိယာ ၁၆ ဒသမ ၆၃ ဧကကို ကျပ်သိန်း ၄၄၆ ဒသမ ၁၃၃၊ ရန်ကုန်တိုင်း သန္တပ်ပင်ရွာ ကော့မှူးမြို့ရှိ အမှတ် (၂၆၂) တန် ၁၀၀ ဆန်စက် မြေဧရိယာ ၁၇ ဒသမ ၈၄ ဧကကို ကျပ်သိန်း ၂၂၀ ဒသမ ၇၄၄၊ ရန်ကုန်တိုင်း ညောင်ပိုင်ရွာ တွံတေးမြို့ရှိ အမှတ် (၂၀၂) တန် ၄၀ ဆန်စက် မြေဧရိယာ ၁၁ ဒသမ ၈၇ ဧကကို ကျပ်သိန်း ၂၆၁ ဒသမ ၀၈၃၊ ပဲခူး(အရှေ့) ပဲခူးမြို့ရှိ အမှတ်(၀၉) တန် ၂၅ ဖွဲနှဆီစက် မြေဧရိယာ ၉ ဒသမ ၄၁ ဧကကို ကျပ်သိန်း ၁၆၇ ဒသမ ၄၂၈၊ ပဲခူး(အရှေ့)ညောင်လေးပင်မြို့ရှိ အမှတ် (၀၈) တန် ၂၅ ဖွဲနှဆီစက် မြေဧရိယာ ၁၁၁ ဒသမ ၀၂၅ ဧကကို ကျပ်သိန်း ၂၆၅ ဒသမ ၇၀၈နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အမှတ်(၁၀) တန် ၂၅ ဖွဲနှဆီစက် မြေဧရိယာ ၉ ဒသမ ၅၇၆ ဧကကို ကျပ်သိန်း၁၈၈ ဒသမ ၁၆၁ တို့ဖြစ်သည်ကောင်း စျေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချသွားမည် ဖြစ်သည်။

ဝယ်လိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇွန် ၂၅ရက်မှ စတင်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ရုံးအမှတ် ၃၂ နေပြည်တော်)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဇူလိုင် ၂၅ရက်တွင်သာ (တစ်ရက်တည်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း) တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ် ဝယ်ယူရန်အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး စျေးနှုန်းပေးသူနှင့်တူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံး ပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

စုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန် ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ရုံးအမှတ် ၃၂ နေပြည်တော်) ဖုန်း ၀၆၇-၄၀၆၀၆၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူလူထုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လို၍ ဓနုဖြူမြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၂၂

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အလမျိုးကျေးရွာနေ ဦးတင့်လှိုင်နှင့် ဦးအောင်မြင့်တို့သည် ဇွန် ၁၄ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဓနုဖြူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့ခြင်း၊ NLDပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ခြင်းနှင့် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လိုခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

Samsung ကွန်ပျူတာ ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၂

Samsung Asia Pte Ltd.နှင့် Cystem Computer Sales & Service တို့ ပူးပေါင်းကျင်းပသော Samsung LCD Moniter နှင့် Laser Printer Model အသစ်များအကြောင်း ရှင်းလင်းပွဲကို ဇွန် ၂၁ရက် ညနေ ၆နာရီတွင် Parkroyal Hotel ခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာမှ ဖိတ်ကြားထားသော ဧည့်သည်များ၊ စာနယ်ဇင်းများ ပုဂ္ဂိုလ်များ၊ အရောင်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Samsung Asia Pte Ltd. Singapore ရုံးမှ General Manager - Miss Kenny Yeon Kyung Hee က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး Sale & Marketing Manager-Mr. John Chua နှင့် Cystem Computer Sale & Service မှ General Manager ဒေါ်သဇင်ထွန်းတို့က နောက်ဆုံးပေါ် Samsung LCD Monitor (15", 17", 19", 22") များ၏ အားသာချက်နှင့်စွမ်းဆောင်ရည်များအကြောင်း၊ Samsung Laser Printer ရိုးရိုးအမျိုးအစား၊ 3 in 1 အမျိုးအစား၊ 5 in 1 အမျိုးအစားနှင့် Color Laser Printer များ၏ ထူးခြားချက်၊ လုပ်ဆောင်နိုင်မှု စွမ်းရည်တို့ကို လက်တွေ့သရုပ်ပြရှင်းလင်းကြသည်။

Samsung Moniter များအတွက် (၃)နှစ်အာမခံနှင့် Samsung Printer များအတွက် (၁)နှစ် အာမခံဖြင့် ဝန်ဆောင်မှုများတိုးမြှင့် ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ Samsung LCD Moniter နှင့် Printer များ အတွက် အရောင်း မြှင့်တင်ရေးကာလကို ဇွန် ၂၁ရက်မှ ဇူလိုင် ၁၅ရက် အထိ သတ်မှတ်ပြီး ယင်းကာလအတွင်း ဝယ်ယူသူများအတွက် Samsung Opticla Mouse များ အထူးမေတ္တာလက်ဆောင်ပေးသွားမည်ဖြစ်သည်။

Samsung Moniter နှင့် Printer အပါအဝင် IT ပစ္စည်းများကို အမြို့မြို့အနယ်နယ်ရှိ အရောင်း ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ပြင်ဆင်မှုနှင့် ဝန်ဆောင်မှုအတွက် တစ်ဦးတည်း ကိုယ်စားလှယ် Sys-tem Computer Sales & Service အမှတ်(၂၃) ဘိုကလေးစျေးလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဖုန်း- ၃၉၁၇၇၁၊ ၄၄၁၂၅၇၁၊ email-cystem@ myanmar. com.mm တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Sale & Marketing Manager Mr. John Chua ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3rd July 2007

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ်နှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၂

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲဆုပေးပွဲကို ယနေ့ နံနက် ၉နာရီတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်(လေ) စုပေါင်းရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးလှိုင် တက်ရောက်၍ တံခွန်စိုက်ဒိုင်းဆုရရှိသွားသောအသင်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုပေးပွဲသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဖဇင်ယော်၊ မင်္ဂလာဒုံ တပ်နယ်ရှိ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများ တက်ရောက် ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ဈေးခူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတွက်စားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အကပြိုင်စဉ်

၈:၀၅ ၆။ တေးဂီတအစီအစဉ်

၈:၁၀ ၇။ အပြည်ပြည်ဆိုင်ရာမူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ

၈:၂၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်

၁၂:၀၀ ၅။ **"ထိချက်မှန်သော မြားတစ်စင်း" (ဇော်ဝမ်း၊ ထွန်းထွန်း၊ (Examplez) ချိုပြုံး၊ နဝရတ်) (ဒါရိုက်တာ-မျိုးအေး)**

၁:၀၅ ၆။ မွန်မြတ်နှလုံးသား မြန်မာအမျိုးသမီးများ(အပိုင်း-၁)

၁:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁:၃၅ ၈။ ၂၀၀၇ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ(အပိုင်း-၂)

၂:၄၅ ၉။ International News.

၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်သီချင်းတေးစစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်နိုးသန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သမိုင်း-အထူးပြု) (သမိုင်း)

၄:၄၅ ၄။ နားဝင်ပီယသူ့လက်သံ

၄:၅၅ ၅။ တေးဂီတအစီအစဉ်

၅:၀၅ ၆။ အပြည်ပြည်ဆိုင်ရာမူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ

၅:၁၅ ၇။ ချစ်စရာအရွယ်ကစားကြမယ်

၅:၂၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လှုပ်ပြင်

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၂၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၂၅ ၁၁။ အလှရှုမယ် လှကမ္ဘာဝယ်

၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၃၆)**

၁၃။ ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ

၈:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝန်းနင်းဆီ" (အပိုင်း-၂၇)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

မန္တလေးမြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ကြည့်ရှုအားပေး

မန္တလေး ဇွန် ၂၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ဇွန် ၈ ရက် နံနက် ၈နာရီက မန္တလေးတောင်ခြေ ရွှေမန်းတောင် ဘောလုံးကွင်းတွင်ကျင်းပသည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အသက် ၂၁ နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာပြိုင်ပွဲဝင်အသင်း ၃၂ သင်းမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုနေရာယူကြပြီး ကွင်း(A)တွင် မြို့တော်ဝန်ကလည်းကောင်း၊ ကွင်း(B)တွင် အတွင်းရေးမှူးကလည်းကောင်း၊ ကွင်း (C)တွင် မန္တလေးတိုင်း ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌကလည်းကောင်း ဘောလုံးများကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒုတိယအကြိမ် မြို့တော်ဝန်ဖလား အသက် ၂၁ နှစ်အောက် (အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပါဝင်

၂၀၀၇ခုနှစ် ဒုတိယအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အသက် ၂၁ နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၃၂ သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး (က)အုပ်စုတွင် မဏ္ဍိုင်၊ ဒိုင်အိုလူငယ်(က)၊ အက်ဖ်စီ ယူနိုက်တက်၊ အောင်ဇေယျလူငယ်၊ ဆိုဟာ၊ (ခ)အုပ်စုတွင် မန်းစည်ပင်(က)၊ နယူးဖေးမတ်၊ ပီအက်စ်စီ၊ မန်းတိုင်းရဲ၊ ၁၁၁-ကဖေး၊ (ဂ)အုပ်စုတွင် ယူနတီ၊ အာကာမြင့်မိုရ်၊ ဆန်းရှိုင်း၊ မန်းစည်ပင်(ခ)၊ တို့ကျောင်းသား၊ (ဃ) အုပ်စုတွင် မေဃလူငယ်၊ ရီရဲ(ယူ-၂၁)၊ ယူနိုက်တက်၊ ပတ္တမြားမျက်ရှင်၊ (၄၁)အက်ဖ်စီ၊ (င)အုပ်စုတွင် ကန်တော်ကြီးအက်ဖ်စီ၊ အိုတူး၊ ဒိုင်အိုလူငယ်(ခ)၊ ချမ်းမြရွှေပြည်၊ ဘက်စထား၊ သန့်ရှင်းသူ၊ (စ) အုပ်စုတွင် အက်ဖ်စီအာအမ်ဘီ၊ အားမာန်၊ တို့ဗမာ၊ တာတာ၊ ဖိုးဇီး ကွက်၊ ရွှေပုံလွှားတို့ပါဝင်ကြသည်။

ပြိုင်ပွဲများကို ရွှေမန်းတောင် အားကစားကွင်း၌ နေ့စဉ် နံနက် ၈ နာရီတွင် ကျင်းပကာ ဝင်ကြေးမရှိ လာရောက်အားပေးနိုင်ကြောင်း သိရသည်။ **(၄၆၉)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် မန္တလေး တောင်ခြေ ရွှေမန်းတောင်ဘောလုံးကွင်းတွင် ကျင်းပသည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြည့်ရှုစဉ်။

(၄၆၉)

ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာသာရ ထံ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ဒု-ဥက္ကဋ္ဌ ဦးကျော်လွင်-ဒေါ်သန်းသန်းတင် မိသားစုက ကျပ်ငါးသိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးတင်လှ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတပါဠိသိရောမဏိဝင့်သကာ (ဘီ၊အေ) အဂ္ဂမဟာပဏ္ဍိတ၊ စာပေပါရဂူ (Ph.D) ဗန်းမော် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဒု-ဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် သဘော်တင်ဌာနစုမော်တော်ယာဉ်စခန်း ဒသမအကြိမ်ဝန်ထမ်းမိသားစု ဒုလ္လဘ၊ ရဟန်းခံရှင်ပြုတို့က အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။(ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးပြိုင်ပွဲ မုဒုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂၂

မွန်ပြည်နယ် မုဒုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၁ ရက်က မုဒုံမြို့နယ် မီတာ ၄၀၀ အားကစားပြိုင်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကိုယ်စား ခေတ္တတပ်နယ်မှူး ဗိုလ်မှူးခင်မောင်ညွန့်က အမှာစကား ပြောကြားသည်။

ဖွင့်ပွဲသို့ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုဒုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အားကစားမှူး ဦးယုကျန်နှင့် အဖွဲ့ဝင်ဒိုင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင် ၁၅သင်းတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲတွင် လယ်/ဆည် ဘောလုံးအသင်းနှင့် လမ်းမကြီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လယ်/ဆည်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

ထိုင်းဂျူဒိုဖိတ်ခေါ်ပြိုင်ပွဲ မြန်မာပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၂၂

၂၀၀၇ ခုနှစ် ဇွန် ၂၁ ရက်မှ ၂၅ ရက် အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ထိုင်းနိုင်ငံ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး စောရွှေ ခေါင်းဆောင်သည့် အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး၊ အားကစားသမား ကိုးဦး ပါဝင်သည့် မြန်မာဂျူဒိုအားကစားအဖွဲ့ဝင်များသည် ဇွန် ၂၁ ရက် နံနက် ၇ နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ လိုက်ပါ ပို့ဆောင် နှုတ်ဆက်ကြသည်။

(အောက်ပုံ) (ဂျူဒိုအဖွဲ့ချုပ်)

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား သီရိလင်္ကာ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းအောင်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. P.A.D Samara sekera နှင့် High Commission of Sri Lanka မှ Minister (Commercial), Mr. Bandula Somasiri တို့သည် ဇွန် ၁၈ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ IT လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ ကုန်စည်ပြပွဲများသို့ အပြန်အလှန် ပါဝင်ဆောင်ရွက်ရေးကိစ္စနှင့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လာရောက်၍ စီးပွားရေးလုပ်ငန်းများ ဆွေးနွေးရေးတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားပွဲ ပို့ဆောင်ရေး အသင်းအနိုင်ရရှိ

ရန်ကုန် ဇွန် ၂၂

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစား ပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက တပ်မတော် (ကြည်း)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပို့ဆောင်ရေး နှစ်ဂိုး။
(ပြည့်ဖြိုးဦး)
တပ်မတော်(ကြည်း) ဂိုးမရှိ။
နိုင်လူကြီး ဦးစိုးမိုးကျော်။

ပို့ဆောင်ရေးအသင်းမှာ တန်းတက်တပ်မတော်(ကြည်း) အသင်းကို အနိုင်ရရှိခဲ့၍ ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ ပို့ဆောင်ရေး အသင်းအတွက် အနိုင်ဂိုးများကို ပြည့်ဖြိုးဦးက ၃၃ မိနစ်နှင့် ၄၆ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

ယနေ့ပွဲအပြီးတွင် (ခ)အုပ်စု၌ ပို့ဆောင်ရေးက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ရရှိထားပြီး လယ်/ဆည်နှင့် တပ်မတော်(ကြည်း)တို့က တစ်ပွဲကစား၊ တစ်ပွဲရှုံး အမှတ်မရရှိသေးပေ။

သက်ငယ်တန်း (၅၁)ကီလိုတန်း အကြိုဗိုလ်လုပွဲတွင် သက်လှိုင်ဟိန်း (ပဲခူး)နှင့် ရန်နိုင်ကျော်ဇော(မွန်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။ (ကြေးမုံ)

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ပြည်ထဲရေးနှင့် ဆောက်လုပ်ရေး

(သုဝဏ္ဏကွင်း)
စီးပွား/ကူးသန်းနှင့်
Royal Eleven
(ကြေးမုံ)

ပို့ဆောင်ရေးနှင့် တပ်မတော်(ကြည်း)တို့ သူ့တင်ကိုယ်တင် ယှဉ်ပြိုင်ကစားကြစဉ်။ (ကြေးမုံ)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

၂၀၀၇ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း၊ (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် သက်ငယ်တန်း (၄၂)ကီလိုတန်း၊ (၄၅)ကီလိုတန်း၊ (၄၈)ကီလိုတန်း၊ (၅၁)ကီလိုတန်း၊ (၅၄)ကီလိုတန်း(က)အဆင့် ပင်းဝိတ်တန်း၊ လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တမ်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်းနှင့် လိုက်ဝယ်တာဝိတ်တန်း အကြိုဗိုလ်လုပွဲ ၂၂ ပွဲ ကျင်းပသည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် သက်ငယ်တန်း (၄၂)ကီလိုတန်းတွင် ကောင်းလှစံ(မန္တလေးတိုင်း)နှင့် ရဲနိုင်(ရန်ကုန်တိုင်း)၊ (၄၅)ကီလိုတန်းတွင် ညီညီအောင်(ရခိုင်)နှင့် ချမ်းမြေ့(ဧရာဝတီတိုင်း)၊ (၄၈)ကီလိုတန်းတွင် ညီညီထွန်း(ကရင်)နှင့် သက်ပိုင်ဟိန်း(ပဲခူး)၊ (၅၁)ကီလိုတန်းတွင် သက်လှိုင်ဟိန်း(ပဲခူး)နှင့် သက်ပိုင်စိုး(တနင်္သာရီ)၊ (၅၄)ကီလိုတန်းတွင် ဓောကြီးဒိုး(စစ်ကိုင်း)နှင့် ဖြိုးမောင်မောင်(ဧရာဝတီ)၊ (က)အဆင့် ပင်းဝိတ်တန်းတွင် အေးမင်း(တနင်္သာရီ)နှင့် ဇော်မျိုးမင်း(မန္တလေး)၊ လိုက်ဖလိုင်းဝိတ်တန်းတွင် ကျော်ဇွာအောင် (ပဲခူး)နှင့် မင်းဇော်(ရှမ်းပြည်နယ်အရှေ့ပိုင်း)တို့ အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်သွားကြသည်။

ဇွန် ၂၃ ရက် ညနေ ၃ နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

အိုလံပစ်နေ့ အထိမ်းအမှတ် အမျိုးသမီးဘောလုံးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဇွန် ၂၄ ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အိုလံပစ်နေ့ ဘောလုံးပြိုင်ပွဲတွင် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသော ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း (က)အသင်းနှင့် (ခ)အသင်းဟူ၍ နှစ်သင်းခွဲကာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (ကြေးမုံ)

မန္တလေးအသင်း(ရန်ကုန်) ဓာတ်ပုံပြပွဲပြသမည်

ရန်ကုန် ဇွန် ၂၂

မန္တလေးအသင်း(ရန်ကုန်)က ကြီးမှူးပြသမည့် မန္တလေးအသင်း ဓာတ်ပုံပြပွဲ ပြသခွင့်ပြုသည့် လက်မှတ်ထိုးအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ် (၆၂၈/၆၃၂) ပထမထပ်ရှိ မန္တလေးအသင်း(ရန်ကုန်)၏ ရုံးခန်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ခင်းကျင်းပြသမည့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က ပြပွဲ ပြသခွင့်ပြုသည့် လက်မှတ်ကို မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်သည်။

ဓာတ်ပုံပြပွဲတွင် ဓာတ်ပုံပညာရှင် ၂၇ ဦးတို့၏ ဓာတ်ပုံ ၁၈၀ တို့ကို ပြသမည်ဖြစ်ပြီး လက်စွမ်းပြ ရိုက်ကူးထားသည့်ဓာတ်ပုံများမှာ ဘုရားစေတီပုထိုးများ၊ ရေမြေတောတောင် သဘာဝရှုခင်းများ၊ မြန်မာ့ရိုးရာ အနုပညာ မြောက် လက်ရာများ၊ စိတ်ဝင်စားဖွယ်ပုံများနှင့် လျှပ်တစ်ပြက် ရိုက်ချက်ပုံများ ပါဝင်သည်။

ဓာတ်ပုံပြပွဲကို ဇွန် ၂၄ရက်မှ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပြီး ဓာတ်ပုံများကို ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သောကရောက်မှ တရား အားထုတ်မှာလားတရားတော် (ဆရာတော် အရှင်ပညာနန္ဒ)
၈:၀၀	တစ်ပတ်အတွင်း အားကစားသတင်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားရည်ထုတ်လုပ်ရေး)
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	အလှဆုံးအပြီးများ (စေတနာရှင်ဆရာဝန်ကြီးများ၏ ရေကြည်မြို့နယ် အစဉ်ကျေးရွာသို့အခမဲ့ဆေးကုသရေး ခရီးစဉ်)အပိုင်း(၃)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	ကျန်းမာရေးကဏ္ဍ (လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ)(ဦးနောက်နှင့် အာရုံကြောအထူးကုသမားတော် ဒေါက်တာ သန့်ဇင်စိုးနှင့်တွေ့ဆုံခြင်း) အပိုင်း(၁)
၁၀:၅၅	မိုးလေဝသနှင့်မှန်းချက်
၁၁:၀၀	သီးနှံထက်ပျိုးအထူးတိုး "စပါးပေါင်းပင်"
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	စိတ်ဝင်စားစရာ မြန်မာ့ပုလဲရာဇဝင်(အပိုင်း-၂)
၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀	Teens Star(သင်ဇာဝင့်ကျော်နှင့် တွေ့ဆုံခြင်း)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	Activitics in The City
၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀	မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၂)
၁၂:၅၀	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကွန်ကာကပ်ဖ်ရွှေဖလားဘောလုံးပြိုင်ပွဲ အမေရိကန်က ကနေဒါကို အနိုင်ရ

ချီကာဂို ဇွန် ၂၂

ကွန်ကာကပ်ဖ်ရွှေဖလား (CONCA CAF Gold Cup)ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် အမေရိကန်အသင်းနှင့် ကနေဒါအသင်းတို့ အီလီနွိုက်စ်ပြည်နယ် ချီကာဂိုမြို့ရှိ ဆိုးလ်ဂျားဖီးလ်ကွင်း၌ ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားကြရာ အမေရိကန်အသင်းက ကနေဒါအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အမေရိကန်အသင်းသည် ပထမပိုင်းမှာပင် နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

ရွှေဖလားဘောလုံးပြိုင်ပွဲတွင် အောင်ပွဲခံမည့်အသင်းမှာ ၂၀၀၉ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ဖီဖာကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ **အင်တာနက်။**

သြစတြေးလျဂိုးသမားရှဝါဇာ မစ်ဒယ်ဘရော့တွင် ဆက်ရှိရန်မသေချာ

စင်ကာပူ ဇွန် ၂၂

မီမိသည် မစ်ဒယ်ဘရော့ ဘောလုံးအသင်းတွင် ဆက်လက်ရှိနေရန်မှာ မသေချာကြောင်း သြစတြေးလျ ဂိုးသမား မာ့ခ်ရှဝါဇာက ယနေ့ ပြောကြားသည်။

ရှဝါဇာသည် မာ့ခ်ဗီဒူကာနှင့်တူ မစ်ဒယ်ဘရော့အသင်းတွင် ဆက်လက် ကစားဖွယ်မရှိဟု ထင်ကြေးပေး ပြောဆိုမှုများ ပေါ်ထွက်နေချိန်အတွင်း ရှဝါဇာက ယင်းသို့ ပြောကြားခြင်း ဖြစ်သည်။

ရှဝါဇာသည် ယခုလောလောဆယ်တွင် အာရှဖလား ဘောလုံးပြိုင်ပွဲ အတွက် သြစတြေးလျ လက်ရွေးစင် အသင်းနှင့်အတူ စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည်။

မိမိသည် ကန်ထရိုက်စာချုပ်အရ မစ်ဒယ်ဘရော့အသင်းတွင် နောက်ထပ် တစ်နှစ် ကစားနိုင်ကြောင်း၊ သို့ရာတွင် နောက်ဘောလုံးရာသီအတွက် ယင်းအသင်းတွင် ဆက်လက်ရှိနေရန်မှာ မသေချာကြောင်း ရှဝါဇာက သတင်းထောက်များအား ပြောကြားသည်။ **အင်တာနက်**



မစ်ဒယ်ဘရော့ အသင်းမှ သြစတြေးလျဂိုးသမား ရှဝါဇာ။ (ဓာတ်ပုံ-အင်တာနက်)

အင်တာနက်အားကစားသတင်းများ

ပရီမီယာလိဂ်တွင်ကစားရန် လီချန်ဆူး မျှော်လင့်

လန်ဒန် ဇွန် ၂၂

ချယ်လ်ဆီးအသင်းသည် တောင်ကိုရီးယား တောင်ပံဘောလုံးသမား လီချန်ဆူးအား ခေါ်ယူရန် ဖူလ်ဟမ်အသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိသည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိသည်။

လီသည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးဗိုလ်လုပွဲအပြီးမှစ၍ စပိန်နိုင်ငံရှိ ရီးယဲလ်ဆိုဆိဒက်အသင်းနှင့် ဗီဒီချုဗင်စီယာအသင်းတို့တွင် ပါဝင်ကစားခဲ့သည်။ သို့ရာတွင် စပိန်တွင် ထူးထူးချွန်ချွန် ကစားနိုင်ခြင်း မရှိခြင်းကြောင့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသို့ ပြောင်းရွှေ့ရန် အခွင့်အခါကို မျှော်လင့်လျက်ရှိသည်။

မိမိသည် လာလီဂါဘောလုံးပြိုင်ပွဲတွင် အခြေမလှခဲ့သဖြင့် ဥရောပဘောလုံးလောကတွင် ဆက်လက်ရှိရန်အခက်အခဲများရှိနေကြောင်း၊ သို့ရာတွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့် အခြားသော နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် ကစားခဲ့ဖူးသည့် အတွေ့အကြုံများအရ မိမိကိုယ်တိုင် ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်ကြောင်း လီက ပြောကြားသည်။ **အင်တာနက်**

တောင်ကိုရီးယားလက်ရွေးစင်အသင်း တောင်ပံဘောလုံးသမား လီချန်ဆူး။ (ဓာတ်ပုံ-အင်တာနက်)

ဂိုးသမား စကော့ကာဆင် လီဗာပူးအသင်းတွင် ကစားမည်

လီဗာပူး ဇွန် ၂၂

အင်္ဂလန် အသက်(၂၁)နှစ်အောက် လူငယ်လက်ရွေးစင်အသင်း၏ဂိုးသမား စကော့ကာဆင်သည် လာမည့် ဘောလုံးရာသီတွင် လီဗာပူးအသင်း၏ ဦးစားပေး ဘောလုံးသမားစာရင်း၌ ပါဝင်မည်ဖြစ်ကြောင်း လီဗာပူးအသင်း မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်က ယနေ့ ပြောကြားသည်။

ကာဆင်သည် လီဗာပူးအသင်း၏ လက်ရှိ ဂိုးသမား ရီနာ၏နေရာတွင် အစားထိုးဝင်ရောက်မည်ဟု မျှော်လင့်ရသည်။

ကာဆင်သည် တိုးတက်မှုရှိသည့် ဘောလုံးသမားအဖြစ် ဘင်နီတက်ဇ်က ယူဆထားသည်။ **အင်တာနက်**

အင်္ဂလန် လူငယ်လက်ရွေးစင် အသင်း ဂိုးသမား စကော့ကာဆင်။ (ဓာတ်ပုံ-အင်တာနက်)

ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေတိုးချဲ့ပေးနိုင်ရေး မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့နေ ပြည်သူများအား ကျန်းမာရေးနှင့် ညီညွတ်သောသောက်သုံးရေ ထပ်မံ ဖြည့်တင်းပေးဝေနိုင်ရေးနှင့် တိုးချဲ့ပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေကူးရေတွန်းစက်ရုံသို့ နံနက် ၇နာရီတွင် ရောက်ရှိရာ ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ ဒုဌာနမှူး ဦးစိန်ဝင်း၊ လက်ထောက်ဌာနမှူး ဦးဝင်းအောင်၊ အင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က မှော်ဘီမြို့နယ်ရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံက ဆောင်ရွက်လျက်ရှိသော ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းပြီးစီးပါက ရန်ကုန်မြို့တော်သို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ နေ့စဉ် ရေဂါလန် ၄၅သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးအတွက် ရေကူးရေတွန်း စက်ရုံဝင်း၌ တည်ဆောက်လျက်ရှိသည့် ရေတွန်းစက်ရုံ၌ တပ်ဆင်မည့် မြင်းကောင်ရေ ၇၁၀ကီလိုဝပ်ရှိ ရေတွန်းစက်မော်တာများနှင့် စက်ကိရိယာများ၊ (၃၃)ကေဗွီခတ်အားခွဲရုံ၌ အသုံးပြုဆောင်ရွက်မည့် ထရန်စဖော်မာနှင့် လျှပ်စစ်စက်ပစ္စည်းများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်အား အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက ရေကူးရေတွန်းစက်ရုံဝင်း၌ တည်ဆောက်လျက်ရှိသော ရေစုကန်၊ ရေစုပ်ကန်နှင့် ရေတွန်းစက်ရုံ အဆောက်အအုံများပြီးစီးမှု၊ ရေတွန်းစက်ရုံတွင် တပ်ဆင်မည့် ပန့်များနှင့် ရေတွန်းစက်ရုံမှ ဂျိုးဖြူပိုက်လိုင်း အတွင်းသို့ ရေတွန်းပို့ရန် အချင်း ၅၆ လက်မရှိ သံမဏိပိုက်များ သွယ်တန်းစီစဉ်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ရေစုကန်အဝင် ပိုက်လိုင်းသွယ်ယူခြင်း ရေတွန်းစက်များ တပ်ဆင်ခြင်းနှင့် လျှပ်စစ်မီးလိုင်းသွယ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လုပ်ငန်းများစနစ်တကျဖြင့် အမြန်ဆုံးပြီးစီးရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် စက်မှုလမ်းဆုံသို့ သွားရောက်ပြီး ဒဂုံမြို့သစ်မြို့နယ်များသို့ သောက်သုံးရေ တိုးချဲ့ပေးဝေရန် သွယ်ယူထားသော အချင်း ၂၄ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်လိုင်းနှင့် ဂျိုးဖြူပိုက်လိုင်း ဆက်သွယ်ထားရှိမှုနှင့် ဂျိုးဖြူရေလွှတ်၍ ပိုက်လိုင်းများ သန့်စင်ရန် ဆေးကြောထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်(၄၉) ရပ်ကွက်ရှိ ဘုရင့်နောင်လမ်းနှင့် စိန်ချယ်လမ်းတို့၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ထားရှိသော စက်ရေတွင်းများနှင့် ရေအရည်အသွေး အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ရပ်ကွက်များအတွင်းရှိလမ်းများ အဆင့်မြင့်ရေးကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၁၉)



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရေကူးစက်ရုံရှိ ရေဂါလန် တစ်သန်းဆံ့ ရေလှောင်ကန်မှ သောက်သုံးရေများ ရန်ကုန်မြို့နယ် အသီးသီးသို့ ထပ်မံ ဖြည့်ဆည်းရာတွင် အသုံးပြုမည့် ရေတွန်းစက်များကို စစ်ဆေးစဉ်။
(၁၉)

စီးပွားရေးဖွံ့ဖြိုးမှုဇုန် အစည်းအဝေးကျင်းပ ကော်မတီဝင်များ ပြန်လည်ရွေးချယ်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန် ဒုတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးပွဲနှင့် ဇုန်ကော်မတီဝင်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ဇွန် ၁၆ရက်က ဇုန်စီမံခန့်ခွဲရေးရုံးခန်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူး (အခွန်ဌာန) ဦးအောင်ဇင်နှင့် ကော်မတီဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များ စုံညီစွာတက်ရောက်ကြသည်။

ပြန်လည်ရွေးချယ်

အဆိုပါအခမ်းအနားတွင် ဥက္ကဋ္ဌဦးကိုကိုကြီး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မော်သိန်း၊ အတွင်းရေးမှူး ဦးမြင့်ဝင်း ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှုဇုန် စီမံခန့်ခွဲရေး ကော်မတီနှင့်၊ ဥက္ကဋ္ဌ ဒေါ်စိန်စိန်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်နွယ် ဦးဆောင်သော သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီကို ပြန်လည်ရွေးချယ် တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၆၄)

တောင်ကုတ်မြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မေ ၁၁ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့်ရုံးအဖွဲ့ဝန်ထမ်းများက လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြစဉ်။
(က-ပ)

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

တိုက်နောက်လမ်းကြားမှ ကျူးကျော်အဆောက်အအုံ ဖယ်ရှားစေလို

စာတည်းခင်ဗျား–

ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ဇေယျာသီရိလမ်း တိုက်အမှတ်(၈၂)၏ အရေးပေါ်လမ်းကြားကို ပိတ်ဆို့ပြီး ကျူးကျော်အဆောက်အအုံတစ်ခုကို ဆောက်လုပ်ထားရာ တိုက်ခန်းနေသူများ အရေးပေါ်ကိစ္စရှိပါက သွားလာရန် အခက်အခဲရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်အဆောက်အအုံကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

သံဖြူဆိုင်ရှင်းလင်းဆောင်ရွက်ပြီးစီး

၂-၆-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ခရမ်းမြို့ အမှတ်(၆) ရပ်ကွက် ပြည်တော်အေးလမ်းသွယ် လမ်းဆုံမှ ခွင့်ပြုချက်မရှိသည့် **"သံဖြူဆိုင်ပြောင်းရွှေ့ပေးပါ"** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ဝပ်ရှော့နှင့်လောင်စာဆီ ရှင်းလင်းဖယ်ရှားပြီး

၂၆-၅-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သန်လျင်မြို့ ရုံးတော်ရပ်ကွက် ဓမ္မစေတီလမ်းမှ **"ဝပ်ရှော့နှင့်လောင်စာဆီရောင်းဝယ် မီးဘေးအန္တရာယ်စိုးရိမ်ဖွယ်"** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဖယ်ရှားပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ကျူးကျော်တဲများ ရှင်းလင်းပြီးစီး

၂၂-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ မြောက်ဥက္ကလာပမြို့နယ်မှ **"ကျူးကျော်တဲများ ဖယ်ရှား ပေးပါ"** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြ အပ်ပါသည်။

မြို့တော်စည်ပင်

ကူးတို့ကူးခ သတ်မှတ်နှုန်းဖြင့်ကောက်ခံစေလို

စာတည်းခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် ၁၄/၃ ရပ်ကွက်မှ ဒဂုံမြို့သစ်မြောက်ပိုင်းသို့ကူးသော ကူးတို့ဆိပ်လုပ်ငန်းသည် သတ်မှတ်ဈေးနှုန်းထက်ပိုမို၍ ကောက်ခံလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားများ သက်သာစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံစေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

ဝန်ထမ်းအိမ်ရာအနီးမှ အမှိုက်ပုံ သိမ်းဆည်းပေးစေလို

စာတည်းခင်ဗျား–

ကြည့်မြင်တိုင်မြို့နယ် သီတာလမ်း အပေါ်ဘလောက် အနောက်ပိုင်းဆေးရုံ ဝန်ထမ်းအိမ်ရာနှင့် ကပ်လျက်ရှိသော အမှိုက်ပုံကြီးမှာ အနံ့ဆိုးများ နံစော်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံကြီးအား ပုံမှန်သိမ်းဆည်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

သစ်ခွဲစက်နှင့် ဘော်ဒီထုသံ ရပ်ကွက်အတွင်းဆူညံ

စာတည်းရှင့်–

သာကေတမြို့နယ် ၃/ရန်ပြေ ရပ်ကွက် ဗိုလ်ရန်ပြေလမ်းအတွင်း သစ်ခွဲစက် ကားဘော်ဒီရုံများရှိရာ မီးစက်သံ၊ ထုရိုက်သံများကြောင့် ဆူညံနေပြီး ညော်နံ့များ၊ အနံ့ဆိုးများ ထွက်ပေါ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါသစ်ခွဲစက်နှင့် ကားဘော်ဒီရုံများအား သင့်တော်ရာ နေရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

ခွေးလေခွေးလွင့်ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် လမ်း ၁၄၀ အိမ်အမှတ်(၃၇)၊ မြေညီထပ်နားတွင်ခွေးလေခွေးလွင့်များရှိရာ လမ်းသွား လမ်းလာများ မကြာခဏ ခွေးကိုက်ခံ ကြရပါသည်။

သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူများ

ကြက်မွေးမြူရေးခြံ ကြက်ချေးနံ့နံ

စာတည်းခင်ဗျား–

ပျဉ်းမနားမြို့ လူစည်ကားရာ ကံဦးရပ်ကွက်၊ နှင်းဆီလမ်းနှင့် ဒေါနလမ်းကြားတွင် စီးပွားဖြစ်ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ကြက်များ၏ ဆူညံသံများ၊ ကြက်ချေးနံ့များကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကြက်မွေးမြူရေးလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

လက်ဖက်ရည်ဆိုင်မှညော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား–

ဗိုလ်တထောင်မြို့နယ် (၁၀) ရပ်ကွက် အနော်ရထာလမ်းနှင့် (၄၆)လမ်း အထက် အဝင်ထိပ်တိုက်ဘေးတွင် အဖီအမိုးချပြီး ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်သည် နေ့စဉ် နံနက်စောစောမှစ၍ တစ်နေ့လုံး အကြော်မျိုးစုံကို ကြော်လှော်ရောင်းချလျက်ရှိပါသည်။ ပတ်ဝန်းကျင်နေသူများ ညော်နံ့ကို နေ့စဉ်ရှူရှိုက် နေရပါသဖြင့် ကျန်းမာရေးထိခိုက် နေပါသောကြောင့် ညော်နံ့များကင်းစင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အညော်နံ့မခံနိုင်သူများ

ရေကူးကန်ရေ သန့်ရှင်းစေလို

စာတည်းရှင့်–

ရန်ကုန်မြို့၊ အင်းလျားကန်စောင်းရှိ ရေကူးကန်မှာ ရေကူးသင်တန်းများ၊ ရေကူးကြသူများဖြင့် စည်ကားလျက်ရှိပါသည်။

သို့သော်လည်း ရေကူးကန်ရှိရေများကို လဲလှယ်မှုမပြုလုပ်သဖြင့် နံပြီး နောက်ကျိနေပါသည်။

ရေကူးသင်ကြသူ ကလေးငယ်အချို့တွင် ယားနာများပင် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ရေကူးကန်မှရေများ သန့်ရှင်းကြည်လင်မှုရှိစေရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ၌ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ပထမထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၁) နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံဒေသတွင်းနိုင်ငံများ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်းဒါရူဆလမ်နှင့် မြန်မာနိုင်ငံတို့မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အဖွဲ့ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က **စာမျက်နှာ ၈ ကော်လံ ၁ သို့**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ပစ္စည်း လှူဒါန်း

နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်း အစီအစဉ်အရ ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါ်ထွေးထွေးညွန့် ခေါင်းဆောင်၍ ဒေါ်သဇင်နွယ်၊ ဒေါ်ခင်နွယ်နွယ်၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦး၊ ပျဉ်းနားခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်း

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါ်ထွေးထွေးညွန့်က လှူဒါန်းရခြင်း အကြောင်း ပြောကြားပြီး သက်ကြီးရွယ်အို ဘိုးဘွား များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဝင်များဖြစ်ကြသော ဒေါ်သဇင်နွယ်၊ ဒေါ်ခင်နွယ် နွယ်နှင့် နေပြည်တော် မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးတို့က သက်ကြီးရွယ်အို ဘိုးဘွားများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း၍ ကူညီလုပ်ကိုင်ပေး လျက်ရှိသော စေတနာ့ဝန်ထမ်း အမျိုးသား၊ အမျိုး သမီး ၁၅ ဦးတို့အား ဝတ်စုံများ ပေးအပ်ချီးမြှင့်ခဲ့ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေး ထွေးညွန့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက် မှုလုပ်ငန်း အစီအစဉ်အရ တပ် ကုန်းမြို့နယ် ဘိုးဘွားများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ ဩဂုတ် ၁၀ ရက်အထိ နေပြည်တော်အားကစားကွင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်းတို့၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

သတင်းမှတ်တမ်း ဇော်မင်းအောင် (ပျဉ်းမနား)